မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင် ၈ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၇၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်၏ စားသုံးဆီဖူလုံရေး နေကြာသီးနှံကို ကျယ်ပြန့်စွာတိုးချဲ့စိုက်ပျိုး

စားအုန်းဆီအတွက် နိုင်ငံခြားငွေ ဒေါ်လာသန်းပေါင်းများစွာသုံးစွဲရမှုကို နေကြာဆီဖြင့်အစားထိုး

နေကြာဆီသည် ကျန်းမာရေးကောင်းမွန်ရုံသာမက ကြိတ်ဖတ်များကို တိရစ္ဆာန်အစားအစာအဖြစ် အသုံးပြုနိုင်

နေပြည်တော် ဇူလိုင် ၇

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းတို့ လိုက်ပါလျက် ယနေ့နံနက် ၇ နာရီ မိနစ် ၅၀ တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးသုတေသနခြံသို့ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က သုတေသနလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် တပ်ကုန်းစိုက်ပျိုးရေး သုတေသနစိုက်ပျိုးရေးခြံသည် ၁၉၁၂ ခုနှစ်တွင် စတင်တည်ထောင်ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း၊ စုစုပေါင်းမြေဧရိယာဧက ၂၀၀ ရှိသည့်အနက် နေကြာသီးနှံ၊ အစေ့ထုတ်ပြောင်းသီးနှံ၊ ပဲတီစိမ်းသီးနှံ၊ မြေပဲသီးနှံ စုစုပေါင်း အသားတင် ၁၆၂ ဧကကို တောင်သူပညာပေးစိုက်ကွင်းနှင့် မျိုးသန့်မျိုးပွားစိုက်ခင်းများအဖြစ် တည်ထောင်ထားရှိပြီး တောင်သူများ တွက်ခြေကိုက်၍ စိုက်ပျိုးရာသီအချိန်ကိုက်စိုက်ပျိုးနိုင်ရန် မျိုးစေ့များ ဖြန့်ဖြူးနိုင်ရေးဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးသုတေသနခြံ ယာယီရှင်းလင်းဆောင်၌ တပ်ကုန်းမြို့နယ်မှ တောင်သူလယ်သမားများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရမည်းသင်းမြို့နယ် စည်ပင်သုတေသနစိုက်ပျိုးရေးခြံ၌ စိုက်ပျိုးထားရှိသော သက်တမ်း ၆၅ ရက်သားရှိ နေကြာမျိုးစေ့ထုတ်စိုက်ခင်း ၁၀ ဧကကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော် သမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများသည် စိုက်ခင်းအနီး ယာယီရှင်းလင်းဆောင်၌ ခင်းကျင်းပြသထားသော အစေ့ထုတ်ပြောင်းသီးနှံ၊ နေကြာသီးနှံ၊ ပဲတီစိမ်းသီးနှံ၊ မြေပဲသီးနှံ၊ ပဲပုပ်သီးနှံမျိုးစေ့များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတက တပ်ကုန်းမြို့နယ်မှ တောင်သူလယ်သမားများအား တွေ့ဆုံအားပေး အမှာစကား *စာမျက်နှာ ၈ ကော်လံ ၁* ❖

မြန်မာ့အလင်း
ယနေ့ ဖတ်စရာ၊ မှတ်စရာ



အာကာသ၌ စတုဂံပုံ ကြယ်တာရာ အစုအဝေးတွေ့ရှိ စာ-၄

ဥရောပအမျိုးသမီးဘော်လီဘောပိုလ်လုပွဲ ချက်အသင်း နိုင်ပွဲရပြီးဗိုလ်စွဲ စာ-၅

ကမ္ဘာ့ဝင်ရိုးစွန်းဒေသများကို လေ့လာရန် အီဆာမှ မီတော့ပ်-ဘီ ဂြိုဟ်တုလွှတ်တင်မည် စာ ၅

ရဲယိုအစွမ်း အံ့မခန်း ဆေးစွမ်းထက်လှသည် စာ ၁၀

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇူလိုင် ၈ ရက်)

ထိုးမုန့်နှင့် ဟာလဝါ

“အမေကျော် ဒွေးတော်လွမ်း”သည့်ပဲဆိုဆို၊ “ရွာနားမြက် ရွာနွားမစား”လို့ပဲပြောပြော လူအချို့သည် အနီးရှိသောအရာထက် အဝေးမှာရှိသောအရာများကို တမ်းတတတ်ကြသည်။ နှစ်သက်ခုံမင်တတ်ကြသည်။မြေပြန့်မှာပွင့်သောကြာပန်းသည် မည်မျှပင် လှပထုံသင်းမွှေးကြိုင်စေကာမူ တောင်ထိပ်မှာပွင့်သောကြာပန်းက ပို၍တန်ဖိုးကြီးမားသည်ဟု ထင်မှတ်တတ်ကြသည်။

မန္တလေးထိုးမုန့်ကို လူတိုင်းသိကြသည်။ အရောင်အဆင်း အနံ့အရသာကောင်းသလို စားလို့လည်း အလွန်အရသာရှိလှသည်။ လူမျိုးမရွေး၊ ဘာသာမရွေး စားသုံးကြသော စားကောင်းသောက်ဖွယ်မုန့်တစ်ခု ဖြစ်သည်။ ကလေးလူကြီးအားလုံးကြိုက်ကြသည်။ မန္တလေးထိုးမုန့်ကို ထမင်းစားပြီး အချိုပွဲ အချိုတည်းရာတွင်လည်းကောင်း၊ လက်ဖက်ရည်ကြမ်းနှင့် အဆာပြေစားသုံးရာတွင်လည်းကောင်း စားသုံးလေ့ရှိကြ၏။ ထိုးမုန့်သည် မန္တလေး၏ အမှတ်သင်္ကေတတစ်ခုဖြစ်၏။

အလားတူ ပုသိမ်မြို့က ဟာလဝါသည်လည်း မြန်မာ့ရိုးရာမုန့်များတွင် လူကြိုက်အများဆုံးဖြစ်သည်။ ပုသိမ်မြို့ကိုအလည်ရောက်လျှင် အပြန်တွင်မပါမဖြစ်ဝယ်ခဲ့ရသော လက်ဆောင်ပစ္စည်းမှာ ဟာလဝါဖြစ်သည်။ ဟာလဝါမုန့်သည် တစ်ခါစားပြီးလျှင် နောက်ထပ်မစားရလျှင် မနေနိုင်အောင် ထူးကဲကောင်းမွန်သောမုန့်တစ်မျိုးဖြစ်သည်။ ဟာလဝါသည်လည်း ပုသိမ်မြို့၏သင်္ကေတဟုဆိုလျှင် မှားမည်မဟုတ်ပေ။ သို့သော် ပုသိမ်ဟာလဝါမည်မျှပင်ကောင်းကောင်း မန္တလေးမြို့ရောက်သည့်အခါ မန္တလေးထိုးမုန့်ကို ဝယ်ဖြစ်အောင်ဝယ်သွားတတ်ကြသည်။ ထို့အတူ မန္တလေးထိုးမုန့် မည်မျှပင်ကောင်းကောင်း ပုသိမ်မြို့ရောက်သည့်အခါ ပုသိမ်ဟာလဝါကို ဝယ်ဖြစ်အောင်ဝယ်သွားတတ်ကြသည်။

ဟာလဝါသည်လည်းကောင်း၊ ထိုးမုန့်သည်လည်းကောင်း သူ့နေရာနှင့်သူ အရသာကောင်းသည်သာဖြစ်၏။ အချို့က ဟာလဝါမရနိုင်သည့် နေရာတွင် ဟာလဝါကို တမ်းတတတ်ကြသည်။ အဘယ့်ကြောင့် ဟာလဝါမရနိုင်သည့် နေရာတွင် ဟာလဝါကို တမ်းတနေကြပါသနည်း။ စင်စစ် လူအချို့သည် အနီးရှိသောအရာထက် အဝေးရှိသော အရာများကို ပိုပြီးစိတ်ဝင်စားနေကြခြင်းကြောင့်သာဖြစ်ပါသည်။ အနီးရှိသောအရာများထက် အဝေး၌ရှိသော အရာများကိုသာ အထင်ကြီးနေကြသည်။

တစ်ခါတစ်ရံ လူတို့သည် မိမိပတ်ဝန်းကျင်၊ မိမိဒေသ၊ မိမိဌာန၊ မိမိအလုပ်အကိုင်မည်မျှပင်ကောင်းစေကာမူ အဝေး၌ရှိသော အလုပ်အကိုင်ဌာနတို့ကို ပို၍ကောင်းလိမ့်မည်ဟု ထင်မှတ်တတ်ကြသည်။ ဟာလဝါနှင့်ထိုးမုန့်သည် သူ့အရသာနှင့်သူ အကောင်းချည်းသာဖြစ်သကဲ့သို့ အလုပ်အကိုင်၊ နေရာ၊ ဌာနတို့သည်လည်း အနည်းနှင့်အများ သူ့နေရာနှင့်သူ အကောင်းချည်းသာ ဖြစ်ပေလိမ့်မည်။

အဓိကအားဖြင့် မိမိကျင်လည်သောဘဝ ရောက်ရှိသည့်နေရာ၌ ရောင့်ရဲတင့်တယ်စွာဖြင့် နေထိုင်တတ်ခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။ ဖြစ်ချင်တာထက် ဖြစ်သင့်သည်ဆိုသောအချက်ကိုသာ ဦးတည်စဉ်းစားလုပ်ကိုင်အပ်ပေသည်။ လက်ရှိဘဝ၊ လက်ရှိအခြေအနေကိုသာ အကောင်းဆုံးဖြစ်အောင် ကြိုးစားအားထုတ်ခြင်းဖြင့် မိမိပတ်ဝန်းကျင်ကို အလုပ်အကျွေးပြုကာ ဘဝ တိုးတက်အောင်မြင်မှုကို ရှာဖွေသင့်သည်။

ထို့ကြောင့် မန္တလေးထိုးမုန့်သည်လည်းကောင်း၊ ပုသိမ်ဟာလဝါသည်လည်းကောင်း ရသာမွန် စားကောင်းသောက်ဖွယ်များဖြစ်သကဲ့သို့ လူတို့ကျင်လည်ရာ ဘဝအလီလီတို့သည်လည်း ဘဝပေးကုသိုလ်အရ အကောင်းချည်းသာဖြစ်သည်။ မိမိရောက်ရှိနေသောနေရာတွင် မိမိဘဝကို အကောင်းဆုံးဖြစ်အောင် ပြုကျင့်နေထိုင်သွားခြင်းဖြင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာခြင်းကိုရရှိအောင် အစဉ်ကြိုးပမ်းနေသင့်ပါကြောင်း အကြံပြု ရေးသားလိုက်ရပါသည်။ ။

တောင်သူပညာပေး ပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်း

မြင်းခြံ ဇူလိုင် ၇

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ထနောင်းတိုင်အုပ်စု၌ စိုက်ပျိုးထားသောတောင်သူပညာပေးနွေစပါးပုလဲသွယ် စပ်မျိုးစပါး ၁၀ဧက ကွင်းပြပွဲနှင့် စံကွက်ရိတ်သိမ်းပွဲကို ဇွန် ၂၅ရက်က ကျင်းပသည်။ စံကွက်ရိတ်သိမ်းပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ကြည်နှင့် ကွင်းဝန်ထမ်းများက ရေတော်မိုးတော်စပါးစိုက် တောင်သူများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများအား ဖိတ်ကြားပြသပြီး ထနောင်းတိုင်အုပ်စု၊ ကိုင်းတောင်ကျေးရွာတောင်သူဦးမှတ်၏ လယ် ၁၀ဧကစံကွက်ကို မြို့နယ်မြေစာရင်းဦးစီးဌာနမှ ရိတ်သိမ်းခဲ့ရာ အစိုအထွက်နှုန်း ၁၈၁ ဒသမ ၆၀တင်းထွက်ရှိခဲ့သည်။

အဆိုပါကွင်းပြပွဲနှင့် စံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ မြို့နယ်အုပ်ချုပ်ရေးမှူးဦးရွှေမောင်း၊ မြို့နယ်စိုက်/ညှိအဖွဲ့ဝင်များ တက်ရောက်လေ့လာခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ်စိုက်ပျိုးရေး)**

ပျော်ဘွယ်မြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ပျော်ဘွယ် ဇူလိုင် ၇

ပျော်ဘွယ်မြို့နယ်၏ ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၈ ရက် နံနက် ၈ နာရီက ချည်မျှင်နှင့်အထည်စက်ရုံဝင်းအတွင်း၌ ကျင်းပရာ ရွှေးဦးစွာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်း၊ မြို့နယ်သစ်တောဦးစီးမှူး ဦးမင်းသိမ်းတို့က ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တက်ရောက်လာသူများအား ပျိုးပင်များပေးအပ်ကာ သတ်မှတ်နေရာများတွင် သစ်ပင်များကို စိုက်ပျိုးကြသည်။ **(ယာပုံ)**

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် ၁၀၀၊ မဲဇလီပင်၁၀၀၊ တမာပင် ၁၀၀၊ စိန်တံချူပင် ၁၀၀၊ ပိတောက်ပင် ၅၀၊ ဆီသပြေပင် ၅၀ နှင့် ယူကလစ်ပင် ၅၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(၄၄၈)**

စက်မှုလက်မှုကဏ္ဍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

ရန်ကုန် ဇူလိုင် ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့ပူးပေါင်းကျင်းပသည့် စီးပွားရေးလုပ်ငန်းရှင်များ အရည်အသွေးတိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂ရက် နံနက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI Office Tower ပထမထပ်ရှိခန်းမကြီး၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် JICAမှ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အကြံပေးပုဂ္ဂိုလ် Mr.Toru HOMMAက စက်မှုလက်မှုကဏ္ဍတွင် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပံ့ပိုးကူညီမှုများကို ဆွေးနွေးတင်ပြသည်။ ဆက်လက်၍ JICAမှ ကျွမ်းကျင်ပညာရှင် Mr.Tetsuo FUKUYAMAက အရည်အသွေးမြှင့်တင်သည့် နည်းလမ်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က လုပ်ငန်းခွင်တိုးတက်မှုအတွက် အထောက်အကူပြုနည်းလမ်းနှင့် မြန်မာအထည်ချုပ်စက်ရုံများအပေါ် လေ့လာသုံးသပ်ချက်တို့ကိုလည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်ဒေါက်တာအောင်သိန်းက စီးပွားရေးလုပ်ငန်းများတွင် အရည်အသွေးမြှင့်တင်ပြီး သန့်ရှင်းသပ်ရပ်သော လုပ်ငန်းခွင်ဖြစ်စေရန် အဓိကလိုအပ်သော သော့ချက်(၅)ချက်တို့ကို ရှင်းလင်းဆွေးနွေးတင်ပြကြကြောင်းသိရှိရသည်။ **(ကုန်သည်/စက်မှုအသင်းချုပ်)**

ထူးချွန်ကျောင်းသား ကျောင်းသူများအား ညောင်တုန်းမြို့နယ်၌ ဂုဏ်ပြုဆုများချီးမြှင့်

ညောင်တုန်း ဇူလိုင် ၇

၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် ထူးချွန်ကျောင်းသား ကျောင်းသူများ၊ အောင်ချက် အကောင်းဆုံးကျောင်းများနှင့် ဂုဏ်ထူးရအောင် သင်ကြားပေးသော ဆရာ ဆရာမများအား မြို့နယ်အဆင့် ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ညောင်တုန်းမြို့ အထက(၁)လှိုင်ပညာခန်းမတွင် ဇူလိုင် ၂ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းထွန်းနှင့် မြို့နယ်ပညာရေးမှူး ဦးထွန်းခိုင်ဦးတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ဝန်ကြီး ဦးသန်းထွန်း **(ယာပုံ)**၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသက်လင်း၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်၊ ဒေါက်တာလှမင်း၊ မြို့နယ်စီမံကိန်း ဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုမောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အောင်ဝင်း၊ မြို့နယ်ပညာရေးမှူး ဦးထွန်းခိုင်ဦးတို့က ငါးဘာသာဂုဏ်ထူးရှင် မဖြိုးသီရိမြတ်မွန် အထက(၁)၊လေးဘာသာဂုဏ်ထူးရှင် မသက်အိအိဇင် (ကြက်တူရွေးတောင်တွဲဖက်အထက)နှင့် သုံးဘာသာဂုဏ်ထူးရှင် ၁၉ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၃၀၊ တစ်ဘာသာဂုဏ်ထူးရှင်၁၃၂ ဦး၊ဂုဏ်ထူးရအောင် သင်ကြားပေးသော ဆရာ ဆရာမများ၊ အောင်ချက်အကောင်းဆုံး ကျောင်းများကို ဂုဏ်ပြုဆုများချီးမြှင့်ပေးကြသည်။ ထို့အပြင် တက္ကသိုလ်ဝင် စာမေးပွဲအောင် ထူးချွန်ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီးအဆင့်ဂုဏ်ပြုပွဲကိုလည်း ပုသိမ်မြို့တွင်ကျင်းပခဲ့ပြီး ဂုဏ်ပြုဆုချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(၀၈၂)**

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး မိုးကောင်း၌ဆောင်ရွက်

မိုးကောင်း ဇူလိုင် ၇

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးအတွက် ဇွန် ၂၉ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များပူးပေါင်း၍ မိုးကောင်းအထက(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ခြင်ဆေးဖျန်းခြင်း၊ပိုးလောက်လမ်းဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ထွေ/အုပ်)**

သွားနှင့်ခံတွင်းကျန်းမာရေး ကွင်းဆင်းဆေးကုသပေး

သပိတ်ကျင်း ဇူလိုင် ၇

သပိတ်ကျင်းမြို့နယ် တကောင်းမြို့နယ်ခွဲနှင့် ကြာညှပ်အုပ်စုအတွင်းရှိ ကျေးရွာများတွင် သွားနှင့်ခံတွင်းကျန်းမာရေး ကွင်းဆင်းဆေးကုသခြင်းလုပ်ငန်းကို ဇွန် ၂၉ ရက်က တကောင်း မြို့နယ်ခွဲပြည်သူ့ဆေးရုံ၌ပြုလုပ်ခဲ့ကြသည်။ ထိုသို့ကွင်းဆင်းကုသရာတွင်မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ မြို့နယ်ကျန်းမာရေး အရာရှိ ဒေါက်တာ ကျော်ဇင်ဦးနှင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး)ကွင်းဆင်းအဖွဲ့ ဆရာဝန် ၁၆ ဦးသည် သွားနှင့်ခံတွင်းလူနာပေါင်း ၂၇၇ ဦး၊ ဇွန် ၃၀ ရက်က ကြာညှပ်ကျေးရွာ ရွှေမာလဲကျောင်းတိုက်၌ သွားနှင့်ခံတွင်း လူနာပေါင်း ၄၇၆ ဦးတို့ကို သွားနုတ်ခြင်း၊ လေဆာရောင်ခြည်ဖြင့် သွားဖာခြင်း၊ သွားဆေးထည့်ခြင်း၊ သွားနှင့်ခံတွင်းသန့်ရှင်းရေးပြုလုပ်ခြင်း စသည့် ကျန်းမာရေးစောင့်ရှောက်ခြင်းနှင့် ကုသခြင်းလုပ်ငန်းများကိုဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်ကျန်းမာရေး)**

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အခမ်းအနား ကျိုင်းတုံမြို့နယ်၌ကျင်းပ

ကျိုင်းတုံ ဇူလိုင် ၇

ရှမ်းပြည်နယ် (အရှေ့ပိုင်း) အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၆ရက် နံနက် ၈နာရီက ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေထွန်းက အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သောသဝဏ်လွှာကို ကျိုင်းတုံခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်ဝင်းက ဖတ်ကြားသည်။

ဆက်လက်၍ ဒုတိယရဲမှူးကြီး၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဗဟိုနှင့်ပြည်နယ်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ စာစီစာကုံး၊ ကွန်ပျူတာ ပန်းချီ၊ ကွန်ပျူတာ ပိုစတာပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မင်းကင်းမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

မင်းကင်း ဇူလိုင် ၇

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ကြခတ်ဘုရားတောင်ကုန်း၌ ဇူလိုင် ၃ ရက်က သစ်ပင်စိုက်ပျိုးပွဲကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီနီဝင်းနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာပြည်သူများက မြို့နယ်သစ်တောဦးစီးဌာနမှထုတ်ပေးသော ကျွန်း၊ မဟော်ဂနီ၊ တမာ၊ စိန်ပန်း၊ ကံ့ကော်နှင့် ပုတီးဖြူပင်စုစုပေါင်း အပင် ၇၅၀တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ထွေ/အုပ်)**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ကျင်းပသည့် (၇)ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများအစည်းအဝေး၊ ပထမအကြိမ် အာဆီယံ+၃ ပညာရေးဝန်ကြီးများ အစည်းအဝေး၊ ပထမအကြိမ် အရှေ့အာရှဒေသ ပညာရေးဝန်ကြီးများ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး

ပညာရေးဝန်ကြီးများ အစည်းအဝေးများတက်ရောက်ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၇

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ကျင်းပသည့် (၇)ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများအစည်းအဝေး၊ ပထမအကြိမ် အာဆီယံ+၃ ပညာရေးဝန်ကြီးများ အစည်းအဝေး၊ ပထမအကြိမ် အရှေ့အာရှဒေသပညာရေးဝန်ကြီးများ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ပြီး ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၄ ရက်နှင့် ၅ ရက်တို့တွင် ကျင်းပသော အဆိုပါ အစည်းအဝေးများသို့ အာဆီယံဒေသတွင်း (၁၀)နိုင်ငံမှ ပညာရေးဝန်ကြီးများ၊ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ အမေရိကန်၊ ဩစတြေးလျ၊ ရုရှား၊ အိန္ဒိယ၊ နယူးဇီလန်နိုင်ငံများမှ ပညာရေးဆိုင်ရာ အဖွဲ့အစည်း အကြီးအကဲများနှင့်အတူ တက်ရောက်ခဲ့သည်။

ဆွေးနွေး

အဆိုပါ အစည်းအဝေးများတွင် အာဆီယံဒေသတွင်းနှင့် အရှေ့အာရှနိုင်ငံများရှိ တက္ကသိုလ်များအတွင်း တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများအပြန်အလှန်စေလွှတ်၍ အတွေ့အကြုံဖလှယ်ရေး၊ သုတေသနများ ပူးပေါင်းဆောင်ရွက်ရေး၊ တက္ကသိုလ်များအချင်းချင်း အပြန်အလှန် အသိအမှတ်ပြုသည့် လက်မှတ်ရသင်တန်းများ၊ ဒီပလိုမာသင်တန်းများ၊ ဘွဲ့သင်တန်းများ ဖွင့်လှစ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ ပညာရေးဝန်ကြီးများနှင့် သီးခြားစီတွေ့ဆုံ၍ ပညာရေး အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကိုအပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇူလိုင် ၂ ရက်က အမှတ်(၃)အခြေခံပညာဦးစီးဌာန(ရန်ကုန်တိုင်းဒေသကြီး) တာမွေမြို့နယ်၏ ပညာသင်ဆုနှင့်ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကျင်းပရာ အခြေခံပညာအထက်တန်းဆင့် ပညာသင်ဆုရရှိသူ မဆုသဥ္စာဝင့် (အထက-၁ တာမွေ)အား မြို့နယ်ပညာရေးမှူး ဦးမြင့်ဇော် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်စွာမင်း ဆွစ်ဇာလန်နိုင်ငံသမ္မတထံ ၎င်း၏ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇူလိုင် ၈

ဆွစ်ဇာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်စွာမင်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၂ ခုနှစ် ဇွန် ၂၆ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ ဘန်းမြို့၌ ဆွစ်ဇာလန်နိုင်ငံသမ္မတ မစ္စ အီဗလင်း(န်) ဝိုက်(ဒ်)မာ ရှယ်လု(ဖ်)ထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်

မုံရွာမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၇

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဇူလိုင် ၃ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့ဆေးရုံနှင့် တိုင်းရင်းဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူနေသော လူနာများအား ကြည့်ရှုအားပေးကာ ပရဆေးဥယျာဉ်နှင့်ဆေးပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မုံရွာစက်မှုဇုန် သီဟထွန်းသံရည်ကျိုစက်ရုံ၌ လယ်ယာသုံးစက်ကိရိယာများ၊ ထွန်စက်များ ထုတ်လုပ်နေမှု၊ နတ်လူထိပ်ပန်ရပ်ကွက်ရှိ ရွှေစည်သဘာဝအရိုးမှုန့်ထုတ်လုပ်သည့်စက်ရုံ၌ အရိုးမှုန့်များ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဇူလိုင် ၅ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ တိုင်းဒေသကြီး သစ်တောဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး အမှာစကားပြောကြားခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဇူလိုင် ၆ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် ဘုတလင်မြို့နယ် ရွာသစ်ရွှေလက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ခြင်းနှင့် ပညာ့ဗိမာန် ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်ရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းလှိုင်၊ တိုင်းဒေသကြီး ပညာရေးမှူး ဦးလှသိန်းတို့က ပညာ့ဗိမာန် ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရွာသစ်ရွှေလက် အလက (ခွဲ) ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ပညာ့ဗိမာန်နှစ်ထပ် ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပညာ့ဗိမာန်ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးရင်က ကျောင်းဆောင်သစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ တိုင်းဒေသကြီးပညာရေးမှူးထံ ကျောင်းကော်မတီဝင် ဦးညွန့်လှိုင်က ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ရွာသစ်ရွှေလက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အတွက် ကွန်ပျူတာတစ်စုံ၊ ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများ၊ ဂျာနယ်၊ စာစောင်များ ထောက်ပံ့ပေးအပ်ကြသည်။

အဆိုပါ ပညာ့ဗိမာန် နှစ်ထပ်ကျောင်းဆောင်သစ်သည် အလျားပေ ၁၄၀၊ အနံပေ ၃၀နှင့် အမြင့် ၂၃ပေရှိ အုတ်ညှပ်နှစ်ထပ်ဖြစ်ပြီး စုစုပေါင်းကုန်ကျငွေကျပ် ၅၆၁ ဒသမ ၇ သိန်း ဖြစ်သည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကူတော်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဆရာ ဆရာမများ၊ ကျောင်းကော်မတီဝင်များနှင့် လည်းကောင်း၊ ရေလည်ကျောင်း၌ ကျေးရွာရှိ တောင်သူများနှင့်လည်းကောင်း တွေ့ဆုံပြီး ငြိမ်းချမ်းမြေစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးကာ ဂျာနယ်၊ စာစောင်များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မောင်းထောင်ကျေးရွာ တိုက်နယ်ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသောလူနာများကို အားပေးစကားပြောကြားကာ ဆေးရုံအတွင်းနှင့် ဆေးရုံပတ်ဝန်းကျင်သန့်ရှင်းသာယာရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မောင်းထောင်ကျေးရွာ အထက်တန်းကျောင်း၌ ဆရာ ဆရာမများ၊ ကျောင်းကော်မတီဝင်များနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်ဖြူ၌ မိုးရာသီ သစ်ပင်စိုက်ပျိုး

ကျောက်ဖြူ ဇူလိုင် ၇

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်၏ ၂၀၁၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁ ရက်က ကျောက်ဖြူ အင်းရဲကျေးလက်လမ်း၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းစိန်၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးစိုးရီ၊ နယ်မြေတာဝန်ခံ ဦးကျော်ဝင်းနိုင်(တောအုပ်)နှင့်သစ်တောဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ရတနာတန်းဝင်ကျွန်းပင် ၅၀၀၊ ပျဉ်းကတိုး ၂၀၀၊ မဟော်ဂနီ ၁၀၀ နှင့် ယူကလစ်ပင် ၂၂၀ စုစုပေါင်း အပင် ၁၀၂၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(ယာပုံ) (မြန်မာ့အလင်း)**

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၇

ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ တောင်ကုတ်မြို့တွင် ၇ ဒသမ ၆၈ လက်မ၊ ဂွမြို့တွင် ၆ ဒသမ ၂၂ လက်မ၊ စစ်တွေမြို့တွင် ၅ ဒသမ ၅၅ လက်မ၊ ခန္တီးမြို့တွင် ၄ ဒသမ ၆၀ လက်မ၊ လှည်းကူးမြို့တွင် ၃ ဒသမ ၉၀ လက်မ၊ သံတွဲမြို့တွင် ၃ ဒသမ ၇၈ လက်မ၊ မာန်အောင်မြို့တွင် ၃ ဒသမ ၃၁ လက်မနှင့် မော်ဘီမြို့တွင် ၂ ဒသမ ၇၉ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ကိုယ်အလေးချိန်လျှော့ကျဆေး အများသောက်သုံးရန် အတည်ပြု

ဝါရှင်တန် ဇူလိုင် ၇

*အဝလွန်သူများသောက်သုံးရန်အတွက် ဘယ်လ်ဗစ်ဟုခေါ်သည့် ပထမဆုံး ကိုယ်အလေးချိန်လျှော့ကျဆေးပြား **(အပေါ်ပုံ)**ကို အမေရိကန်အစားအစာနှင့် ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(အက်ဖ်ဒီအေ)က အတည်ပြုသဘောတူညီလိုက်ပြီဖြစ်ကြောင်း ဇူလိုင် ၇ ရက်က အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြထားသည်။*

အဆိုပါဆေးဝါးအသစ်ကို အက်ဖ်ဒီအေအဖွဲ့က ဇူလိုင် ၇ ရက်တွင် အရွယ်ရောက်သူများ အဝလွန်မှုလျှော့ချရန် သောက်သုံးသင့်ကြောင်း သဘောတူညီလိုက်ခြင်းဖြစ်သည်။ အဝလွန်ခြင်းသည် ဆီးချိုရောဂါ၊ သွေးတိုး၊ နှလုံးနှင့် ကိုလက်စထရော မြင့်တက်မှုများ ဖြစ်စေနိုင်သည်။

အဝလွန်ခြင်းကို အခြေခံအားဖြင့် လူတစ်ဦး၏အရပ်အမောင်းနှင့်ကိုယ်အလေးချိန်တို့ကို တိုင်းတာခြင်းဖြင့်သိနိုင်သည်။ လူတစ်ဦး၏အရပ်အမောင်းနှင့် လိုက်ဖက်ညီသော ဝခြင်းထက်ပိုနေလျှင် အဝလွန်သူဖြစ်သည်။ ဆီးချိုရောဂါထိန်းချုပ်ရေးနှင့် တားဆီးရေးအဖွဲ့၏ မှတ်တမ်းများအရ အမေရိကန်နိုင်ငံ၌ အရွယ်ရောက်သူအားလုံး၏ သုံးပုံတစ်ပုံခန့်မှာ အဝလွန်သူများဖြစ်သည်ဟု ဆိုသည်။

သဘောတူညီ

အဝလွန်ခြင်းသည် ပြည်သူများ၏ ကျန်းမာရေးကို ခြိမ်းခြောက်လာလျက်ရှိကြောင်း အက်ဖ်ဒီအေဆေးဝါးသုတေသနဌာနမှ ညွှန်ကြားရေးမှူး ဂျနက်ဝုဒ်ကောက်က ပြောကြားသည်။ ၎င်းကိုယ်အလေးချိန် လျှော့ကျဆေးကို သုတေသီများက ၁၃ နှစ်ကြာ စမ်းသပ်သုတေသနပြုခဲ့ပြီးနောက် အက်ဖ်ဒီအေက လူအများသုံးစွဲရန် သဘောတူညီလိုက်ခြင်းဖြစ်သည်။ ***(အင်တာနက်)***

စတုဂံပုံကြယ်တာရာ အစုအဝေး အာကာသ၌ တွေ့ရှိ

တိုကျို ဇူလိုင် ၇

ဂျပန်နိုင်ငံမှ သုတေသနပညာရှင်များက ထုတ်လုပ်ထားသော ဆူဘာရူအမည်ရှိ အာကာသအဝေးကြည့်မှန်ပြောင်းကို အသုံးပြုလေ့လာရှာဖွေမှုပြုလုပ်ခဲ့ရာ အာကာသ၌ စတုဂံပုံသဏ္ဌာန်ရှိသော ကြယ်တာရာအစုအဝေးကြီးတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြကြောင်း နာဆာသုတေသနပညာရှင်များက ဇူလိုင် ၇ ရက်တွင် သတင်းထုတ်ပြန်သည်။



အဆိုပါ ကြယ်တာရာအစုအဝေးကြီးသည် ကမ္ဘာဂြိုဟ်မှ အလင်းနှစ်သန်း ၇၀ခန့်တွင် တွေ့ရှိရခြင်းဖြစ်ပြီး လေးထောင့်ပုံပန်းကန်ပြားတစ်ချပ်ပုံသဏ္ဌာန်သဖွယ် ဖြစ်တည်နေသည်ကို နာဆာသုတေသနပညာရှင်များနှင့် ပူးတွဲလေ့လာနေသည့် ဩစတြေးလျနိုင်ငံ ဆွင်ဘန်းနည်းပညာတက္ကသိုလ်မှ ပါမောက္ခ အလီစတာဂရာဟမ်က ပြောကြားသည်။ အာကာသစကြဝဠာအတွင်းဖွဲ့စည်းဖြစ်ပေါ်နေသော သဘာဝဖြစ်ရပ်များနှင့် ဂြိုဟ်တာရာများ၏ ထူးခြားသောဖွဲ့စည်းဖြစ်တည်မှုများကိုလေ့လာရန် ယခုတွေ့ရှိချက်က တွန်းအားပေးလိုက်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အာကာသအတွင်းဖြစ်ပေါ်နေသည့် စတုဂံပုံသဏ္ဌာန်ကြယ်တာရာအစုအဝေးကြီးသည် ယခင်ကတွေ့ရှိခဲ့ရသော ကြယ်တာရာအစုအဝေးပုံစံများနှင့်မတူဘဲ ထူးထူးခြားခြားကွဲပြားလျက်ရှိသည်။ ၎င်းကြယ်တာရာအစုအဝေးကြီး၏အလယ်တွင် ထူးခြားသောအပေါက်တစ်ခုသဖွယ် တည်ရှိနေသည်။ **(အပေါ်ပုံ)** ၎င်းကြယ်တာရာအစုအဝေးကြီး၏ အရွယ်အစားမှာ ကမ္ဘာဂြိုဟ်ထက် အဆ ၅၀ ခန့်ကြီးမားကြောင်း၊ အနာဂတ်ကာလ၌ ကြယ်တာရာအစုအဝေးများ၏ ပြောင်းလဲမှုဖြစ်စဉ်များကို လေ့လာရန်အထောက်အကူရမည်ဖြစ်ကြောင်း ပါမောက္ခအလီစတာဂရာဟမ်က ပြောကြားသည်။ **(အင်တာနက်)**

တရုတ်ကျောက်မီးသွေးတွင်း၌ ရေလွှမ်း အလုပ်သမား ၁၆ ဦး မြေအောက်၌ပိတ်မိ

လီယန် ဇူလိုင် ၇

တရုတ်နိုင်ငံ ဟူနန်ပြည်နယ်မှ ကျောက်မီးသွေးတွင်း ရေလွှမ်းမှုကြောင့် မြေအောက်တွင် အလုပ်သမား ၁၆ ဦး ပိတ်မိနေကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ဇူလိုင် ၅ ရက်တွင် ပြောကြားသည်။ **(ဝဲပုံ)**

ကျောက်မီးသွေးတွင်းလုပ်သား ၄၀ မြေအောက်၌ အလုပ်လုပ်နေစဉ် ဇူလိုင် ၄ ရက် ညနေ ၆ နာရီက ရေလွှမ်းခြင်းဖြစ်သည်။ လုပ်သား ၂၄ ဦး လွတ်မြောက်သော်လည်း ၁၆ ဦးမှာ ပိတ်မိနေဆဲဖြစ်ကြောင်း မြူနီစီပယ်အရာရှိတစ်ဦးက ပြောကြားသည်။

ဇူလိုင် ၄ ရက် ညနေ ၆ နာရီခွဲတွင် သက်ဆိုင်ရာအာဏာပိုင်များထံ အကြောင်းကြားသဖြင့် ထိုနေရာသို့ ကယ်ဆယ်ရေးလုပ်သားအဖွဲ့ လေးဖွဲ့ စေလွှတ်ကာ ကယ်ဆယ်ခြင်းဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

အီရန်နှင့်အီရတ် ဆက်ဆံရေးတိုးမြှင့်ရန် အီရန်သမ္မတ ပြောကြား

ဘဂ္ဂဒက် ဇူလိုင် ၇

အီရန်နှင့် အီရတ်နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန်အရေးကြီးကြောင်း အီရန်သမ္မတမာမွတ်အမာဒီနီဂျတ်က ထုတ်ဖော်ကြေညာလိုက်သည်။ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အီရတ်ဝန်ကြီးချုပ်အယ်မာလီဘီနှင့်တွေ့ဆုံစဉ် အီရန်သမ္မတ၏ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန်ပါသည့် သဝဏ်လွှာကို ဧည့်သည်တော်အီရန်တရားရေးဝန်ကြီး ဘာတီယာရီက ပေးအပ်လိုက်သည်။

ယင်းနောက် အီရတ်ဝန်ကြီးချုပ် မာလီဘီနှင့် အီရန်တရားရေးဝန်ကြီး ဘာတီယာရီတို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ရေးနည်းလမ်းများ၊ အီရတ်အကျဉ်းထောင်များ၌ ဖမ်းဆီးခံရသော အီရန်အကျဉ်းသားများလွှတ်မြောက်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြသည်။ **(အင်တာနက်)**

ကိုလံဘီယာရေနံလုပ်သားငါးဦး ဗုံးခွဲတိုက်ခိုက်ခံရပြီးသေဆုံး

ဘိုဂိုတာ ဇူလိုင် ၇

ကိုလံဘီယာနိုင်ငံတောင်ပိုင်း ပူတူမာယိုပြည်နယ်ရှိ နိုင်ငံပိုင်အီကိုပက်ထရို ရေနံကုမ္ပဏီကို အကြမ်းဖက်သမားတို့ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ရေနံချက်စက်ရုံအလုပ်သမားငါးဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ဇူလိုင် ၆ ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

အီကွေဒေါနိုင်ငံနှင့်နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသည့် တောင်ပိုင်းနယ်စပ်တွင် ဇူလိုင် ၅ ရက်စောစောပိုင်းက ဗုံးခွဲတိုက်ခိုက်သည့်အဖွဲ့မှာ ကိုလံဘီယာတော်လှန်ရေးလက်နက်ကိုင်အင်အားစု(ဖတ်အဖွဲ့)ဖြစ်မည်ဟု ဆိုသည်။ **(ဝဲပုံ)**

အီကိုပက်ထရိုကုမ္ပဏီက ယင်းသို့ဗုံးခွဲတိုက်ခိုက်ခြင်းကို ပြစ်တင်လိုက်ပြီး ဤလုပ်ရပ်မှာ နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဥပဒေနှင့်ဆန့်ကျင်ကြောင်း ပြောကြားသည်။ **(အင်တာနက်)**

အမေရိကန်ဒေါ်လာ ၉၈ သန်းတန်ဖိုးရှိ ကိုကင်းများ ဟောင်ကောင်၌သိမ်းဆည်းရမိ

ဟောင်ကောင် ဇူလိုင် ၇

ဟောင်ကောင်တွင် ကီလိုဂရမ် ၆၅၀ ခန့်အလေးချိန်ရှိသော ကိုကင်းများကို လူဝင်မှုကြီးကြပ်ရေးဌာနက ဖမ်းဆီးနိုင်ခဲ့ပြီး ဒေသတွင်းမူးယစ်ဆေးဝါးဖမ်းဆီးနိုင်မှုများတွင် ပမာဏအများဆုံးဖြစ်ကြောင်း အဆိုပါဌာနအရာရှိများက ဇူလိုင် ၆ ရက်တွင် ပြောကြားသည်။

အမေရိကန်သက်ဆိုင်ရာတာဝန်ရှိသူများ၏ သတင်းပေးချက်တစ်ရပ်ကို ခြေရာခံထောက်လှမ်းခဲ့ရာမှ ဇူလိုင် ၄ ရက်တွင် ပေါက်ဈေးဟောင်ကောင်ဒေါ်လာ သန်း ၇၆၀ (အမေရိကန်ဒေါ်လာ ၉၈ သန်း) တန်ဖိုးရှိသော မူးယစ်ဆေးဝါးများကို သိမ်းဆည်းနိုင်ခဲ့ခြင်းဖြစ်သည်ဟု လူဝင်မှုကြီးကြပ်ရေး မူးယစ်ထောက်လှမ်းရေးဗျူရို အကြီးအကဲ ဂျွန်လီက သတင်းထုတ်ပြန်သည်။

အီကွေဒေါနိုင်ငံမှ တင်ပို့လာသောကွန်တိန်နာတစ်လုံးအတွင်းမူးယစ်ဆေးဝါးများကို ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း တာဝန်ရှိသူများကဆိုသည်။ ယင်းကိစ္စနှင့် ပတ်သက်ပြီး ဒေသခံလူသုံးဦးကို အာဏာပိုင်များက ဖမ်းဆီးထားသည်။

ဟောင်ကောင်ဒေသ၌ ပမာဏအများဆုံးမူးယစ်ဆေးဝါးများ သိမ်းဆည်းရမိမှုကို ဆောင်ရွက်နိုင်ခဲ့ကြောင်း ဂျွန်လီက ပြောကြားပြီး အဆိုပါကိုကင်းများကို အရှေ့တောင်အာရှနိုင်ငံများသို့ တင်သွင်းဖွယ်ရှိကြောင်း ယူဆမိသည်ဟုလည်း ဖြည့်စွက် ပြောကြားသွားသည်။ ၂၀၁၁ခုနှစ် စက်တင်ဘာလအတွင်းကလည်း ပမာဏများပြားသည့် မူးယစ်ဆေးဝါးဖမ်းဆီးမှုကို ဟောင်ကောင်ဝန်ထမ်းများဆောင်ရွက်နိုင်ခဲ့သည်။ ထိုအချိန်က သိမ်းဆည်းရမိသည့်ကိုကင်းများမှာ အလေးချိန်အားဖြင့် တန်ဝက်နီးပါးရှိပြီး ကာလပေါက်ဈေးအမေရိကန်ဒေါ်လာ ၇၇ သန်းနီးပါးရှိသည်။ **(အပေါ်ပုံ)** **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၇-၇-၂၀၁၂

တင်မောင်လွင်(မြန်မာ့အလင်း) – စုစည်းသည်

ယူကရိန်းနိုင်ငံမြောက်ပိုင်း၌ ဘတ်စ်ကားတစ်စီးတိမ်းမှောက်

*ယူကရိန်းနိုင်ငံမြောက်ပိုင်း ချီနီဂေါ့ဒေသတွင် ဇူလိုင် ၇ ရက်နံနက်က ဘတ်စ်ကားတစ်စီး တိမ်းမှောက်မှုဖြစ်ပြီးနောက် အနည်းဆုံး ၁၅ ဦးသေဆုံးပြီး အခြား ၁၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း **(အောက်ပုံ)**ဒေသဆိုင်ရာမီဒီယာများက သတင်းထုတ်ပြန်သည်။*

အဆိုပါဘတ်စ်ကားသည် ချီနီဂေါ့-ကီယက်ဗ်လမ်းမပေါ်တွင် မောင်းနှင်နေစဉ် ယင်းနေ့ဒေသစံတော်ချိန် နံနက် ၅ နာရီခွဲခန့်က ထိုသို့ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ယူကရိန်းအရေးပေါ်ဌာန၏ ပြောကြားချက်ကို ကိုးကားပြီး ရုရှားနိုဗိုစတီသတင်းဌာနက ထုတ်ပြန်ခဲ့သည်။ အဆိုပါဘတ်စ်ကားသည် ရုရှားနိုင်ငံသား ၄၁ ဦး တင်ဆောင်လာပြီး ချီနီဂေါ့-ကီယက်ဗ်လမ်းမပေါ်တွင် မောင်းနှင်လာစဉ် အခြားလမ်းကျဉ်းတစ်ခုကို ဖြတ်သန်းချိန်၌ ထိုသို့တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်ဟု ရုရှားအရာရှိများက အီတာတတ်စ်သတင်းဌာနသို့ ပြောကြားခဲ့သည်။ ယင်းဘတ်စ်ကားတိမ်းမှောက်မှုမှာ ယာဉ်မောင်းသူ အရှိန်ပြင်းစွာမောင်းနှင်မှုကြောင့်ဖြစ်ကြောင်း ယူကရိန်းအရေးပေါ်ဝန်ကြီးဌာနမှ ဆက်လက်ပြောကြားခဲ့သည်။

အင်ဒိုနီးရှား၌ ကြက်ငှက်တုပ်ကွေးရောဂါကြောင့်တစ်ဦးသေဆုံး

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ် ကာရာဝမ်ဒေသတွင် အသက်ရှစ်နှစ်အရွယ်မိန်းကလေးငယ်တစ်ဦးကူးစက်မှုပြင်းထန်သည့်ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားပြီးနောက်သေဆုံးခဲ့ကြောင်း၊ ယခုနှစ်အတွင်း အဆိုပါကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသူ စုစုပေါင်း ရှစ်ဦးအထိရှိလာပြီဖြစ်ကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင် ၆ ရက်တွင် ပြောကြားသည်။

အဆိုပါမိန်းကလေးငယ်သည် ဇွန် ၂၈ ရက် ကတည်းက ဂျကာတာမြို့ဆေးရုံတစ်ရုံသို့ရောက်ရှိပြီး အရေးပေါ်ဆေးကုသမှုခံယူစဉ်သေဆုံးခဲ့ခြင်းဖြစ်သည်။ သူမသည် ဇွန် ၁၈ ရက်တွင် ဖျားနာခြင်းအရိပ်လက္ခဏာများဖြစ်ပေါ်မှုကြောင့် စမ်းသပ်စစ်ဆေးခဲ့ရာ H_5N_1 ဗိုင်းရပ်စ်ရောဂါပိုးကူးစက်ဖြစ်ပွားမှု တွေ့ရှိခဲ့ခြင်းဖြစ်သည်။ စုံစမ်းစစ်ဆေးချက်အရ သူမသည် ဇွန် ၁၂ရက်က ဈေးမှ မွေးမြူရေးကြက်များကိုဝယ်ပြီး ချက်ပြုတ်စားသောက်ရာမှ ထိုသို့ကူးစက်ရောဂါဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။ ***(အင်တာနက်)***

မြန်မာ့အလင်း နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု

မပြီးဆုံးနိုင်သေးသော အီရန်နျူကလီးယားအရေး

တိုး - ရေးသားသည်

အီရန်နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အီရန်နှင့်ကမ္ဘာ့အင်အားကြီးခြောက်နိုင်ငံတို့အကြား နည်းပညာရှင်များ၏ အစ္စတန်ဘူလ် ဆွေးနွေးပွဲမှာ တူရကီနိုင်ငံ၌ ဇူလိုင် ၃ရက်က ပြီးစီးသွားပြီဖြစ်သည်။ ဤဆွေးနွေးပွဲမှာ ရုရှားနိုင်ငံမော်စကိုမြို့၌ ဇွန် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင်ပြုလုပ်သည့် အီရန်နျူကလီးယားအစီအစဉ်ဆိုင်ရာ (ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံ နှင့်ဂျာမနီ ပါဝင်သော) ကမ္ဘာ့အင်အားကြီးခြောက်နိုင်ငံနှင့် အီရန်နိုင်ငံတို့အကြား ပြုလုပ်သည့် စေ့စပ်ဆွေးနွေးပွဲ၌ရရှိသော သဘောတူညီချက်အရ ပေါ်ပေါက်လာသည့်ဆွေးနွေးပွဲဖြစ်သည်။

မော်စကို စေ့စပ်ဆွေးနွေးပွဲအပြီးတွင် အီရန်နှင့်အင်အားကြီးခြောက်နိုင်ငံတို့၏ စေ့စပ်ဆွေးနွေးပွဲများ ဆက်လုပ်ရန် အရေးကြီးကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ဆာဟီလီနှင့် ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဝက်စတာဝယ်လီတို့နှစ်ဦး တယ်လီဖုန်းဆက်သွယ်ကာ နှစ်ဦး သဘောတူကြသည်။

မော်စကို စေ့စပ်ဆွေးနွေးပွဲမှာ များစွာ အောင်မြင်မှုမရရှိခဲ့ပေ။ စေ့စပ်ဆွေးနွေးပွဲအတွင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီငါးနိုင်ငံ (အမေရိကန်၊ တရုတ်၊ ဗြိတိန်၊ ရုရှား၊ ပြင်သစ်)နှင့် ဂျာမနီနိုင်ငံတို့ပါဝင်သည့်(ပီ၅+၁)အနေဖြင့် တင်းမာစွာရပ်တည်ကြောင်း ဝေဖန်မှုများရှိနေသည့်ကြားကပင် ထိုမော်စကို စေ့စပ်ဆွေးနွေးပွဲ၌ (ပီ၅+၁) နိုင်ငံများအဖွဲ့ ခေါင်းဆောင် ဥရောပသမဂ္ဂ (အီးယူ) စေ့စပ်ရေးသမား ကက်သလင်းအက်ရှ်တန်ကမူ အီရန်နိုင်ငံအနေဖြင့် အစီအစဉ်များကို အချိန်ဆွဲသည်ဟု စွပ်စွဲပြောကြားသည်။

နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ အီရန်သံအမတ်ကြီး မိုဟာမက်ခါဇီးကမူ ကမ္ဘာ့အင်အားကြီးခြောက်နိုင်ငံဖြစ်သည့် (ပီ၅+၁)သည် အဓိပ္ပာယ်ပြည့်ဝသော စေ့စပ်ဆွေးနွေးပွဲများကို စိတ်မဝင်စားကြောင်း၊ အီရန်နိုင်ငံအပေါ် ရေနံနှင့်ဘဏ္ဍာရေးဆိုင်ရာ အရေးယူပိတ်ပင်မှုများကပြသနေကြောင်း ဝေဖန်ထောက်ပြလိုက်သည်။

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အနောက်အုပ်စု၏ရှုမြင်ချဉ်းကပ်မှုမှာ အီရန်နိုင်ငံ၏ နည်းပညာတိုးတက်မှုကို ရပ်ဆိုင်းစေရန်ရည်ရွယ်သည့် ဖြစ်နိုင်ခြေရှိကြောင်း အီရန်အမတ်တစ်ဦးဖြစ်သူ မိုဟာမက်ဟူစိန်ဖာဟန်ဂီက ဇူလိုင် ၁ ရက်တွင် ဝေဖန်လိုက်သည်။ ၎င်းက မပြီးဆုံးသေးသော အီရန်နှင့် အင်အားကြီး ခြောက်နိုင်ငံ (ပီ၅+၁)တို့၏ စေ့စပ်ဆွေးနွေးပွဲများကို သွယ်ဝိုက်၍ ရည်ညွှန်းပြောဆိုခြင်းဖြစ်ကြောင်း ပရက်စ် တီဗွီသတင်းတွင်ဖော်ပြသည်။

ထိုအတောအတွင်း အီရန်နျူကလီးယားအစီအစဉ်နှင့် စပ်လျဉ်း၍ နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းရန် အရေးကြီးကြောင်း ဆွီဒင်နိုင်ငံခြားရေးဝန်ကြီး ကားလ်ဘိုင်းကအီရန် နိုင်ငံခြားရေးဝန်ကြီး ဆာဟီလီနှင့် ဇူလိုင် ၁ ရက်က တယ်လီဖုန်းဖြင့် ဆက်သွယ်စဉ် ပြောကြားခဲ့သည်။ အီရန်နိုင်ငံခြားရေး ဝန်ကြီးကလည်း ဇူလိုင် ၁၈ ရက်နှင့် ၁၉ ရက်က မော်စကို စေ့စပ်ဆွေးနွေးပွဲ အခြေအနေကို ရှင်းပြပြီး ဆက်လက်၍ အရေးတကြီး ဆွေးနွေးရန် လိုအပ်ကြောင်းနှင့် နှစ်ဖက် သဘောတူကြောင်း ပြောပြခဲ့သည်။ ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံနှင့်အီရန်အကြားအစ္စတန်ဘူလ် နည်းပညာရှင်များ အဆင့် ဆွေးနွေးပွဲမှာ တိုးတက်မှုများရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လျူဝေမင်းက ဇူလိုင် ၅ ရက်တွင် ပြောကြားလိုက်သည်။

နှစ်ဖက် ကိုယ်စားလှယ်များသည် ဆွေးနွေးပွဲတွင် အီရန်နျူကလီးယား အစီအစဉ်ကို အားတက်သရော ဆွေးနွေးကြပြီး တိုးတက်မှုအချို့ရရှိသည်ဟု ပြောခွင့်ရသူ လျူဝေမင်းက ပြောလိုက်ခြင်းဖြစ်သည်။ သို့သော်အကြောင်းအရာ၏ နက်နဲရှုပ်ထွေးမှုကြောင့် သဘောမတူနိုင်သည့် အချက်အလက်များ ရှိနေသေးကြောင်း ၎င်းက ဝန်ခံပြောဆိုသည်။ ရေရှည်တွင် ပြေလည်မှုရရှိရေးအတွက် စေ့စပ်ဆွေးနွေးပွဲများ ဆက်လုပ်ရဦးမည်ဟု ယူဆကြောင်း ၎င်းကထည့်သွင်း ပြောဆိုသည်။ ထိုနေ့ စောစောပိုင်းကလည်း နှစ်ဖက်သဘောမတူသည့် အချက်များ ရှိသေးသော်လည်း ဆွေးနွေးပွဲရလဒ်အပေါ် ရုရှားအစိုးရက အားရကျေနပ်မှုရှိကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီးဆာဂျီယာကော့ဗ်က ပြောဆိုသည်။

ဥရောပသမဂ္ဂ(အီးယူ)နိုင်ငံခြားရေးရာ အကြီးအကဲ ကက်သလင်း အက်ရှ်တန်၏ ရုံးမှ ကြေညာချက်ထုတ်ပြန်ရာ၌ အီရန်နှင့် ပီ၅+၁ တို့၏ နောက်ဆက်တွဲ နည်းပညာရှင်များ ဆွေးနွေးပွဲ ထပ်မံကျင်းပမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။ သို့သော် ထိုဆွေးနွေးပွဲကျင်းပမည့် ရက်အတိအကျကိုမူ မသတ်မှတ်ရသေးပေ။

အီရန်နှင့် ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံဖြစ်သည့် (ပီ၅+၁) တို့၏ စေ့စပ်ဆွေးနွေးပွဲများမှာ အားရစရာကောင်းကြောင်း မော်စကိုမြို့၌ ဇူလိုင် ၅ ရက်က ပြုလုပ်သော ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ဗ်နှင့် ဂျာမနီ နိုင်ငံခြားရေးဝန်ကြီး ဝက်စတာဝယ်လီတို့၏ ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ရုရှားနိုင်ငံခြားရေးဝန်ကြီး လက်ရော့ဗ်ကပြောကြားလိုက်သည်။ လာမည့် နည်းပညာရှင်များဆွေးနွေးပွဲတွင် ဥရောပသမဂ္ဂ(အီးယူ) ပြည်ပရေးရာလုပ်ငန်းဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ် ဟဲဂါရှမစ်နှင့် အီရန်ဦးစီးအမျိုးသားလုံခြုံရေးကောင်စီ ဒုတိယအတွင်းရေးမှူး ဒေါက်တာအလီဘာကာရီတို့ပါဝင်မည်ဟု အီးယူကြေညာချက်၌ ဖော်ပြထားသည်။

တူရကီ နိုင်ငံ အစ္စတန်ဘူလ်မြို့၌ ဇွန် ၁၉ ရက်က ကျင်းပခဲ့သည့် အီရန် နျူကလီးယား အရေးနှင့် ပတ်သက်သည့် အီရန်နှင့် ကမ္ဘာ့အင် အား ကြီး ခြောက်နိုင်ငံတို့ ဆွေးနွေးပွဲကို ဤသို့ တွေ့ရသည်။

မည်သို့ပင်ဖြစ်စေ ကမ္ဘာ့အင်အားကြီးခြောက်နိုင်ငံ (ပီ၅+၁)တို့နှင့် အီရန်၏ အီရန်နျူကလီးယားဆိုင်ရာ စေ့စပ်ဆွေးနွေးပွဲများသည် အပြုသဘောဆောင်သည့် အဆင့်သို့ရောက်ရှိလာပြီဖြစ်ပါကြောင်း။ ။

အာကာသသိပ္ပံ

မိုးမြင့်လင်းလက် – ရေးသည်

ကမ္ဘာ့ဝင်ရိုးစွန်းဒေသများကို လေ့လာရန် အီဆာမှ မီတော့ပ်-ဘီ ဂြိုဟ်တုလွှတ်တင်မည်

ပါရီ ဇူလိုင် ၇

ကမ္ဘာ့ဝင်ရိုးစွန်းဒေသများကို လေ့လာရန် ဥရောပအာကာသအေဂျင်စီ (အီဆာ) မှ မီတော့ပ်-ဘီအမည်ရှိ ဂြိုဟ်တုတစ်လုံးကို ဘိုင်ကူနော့အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ စက်တင်ဘာ ၁၉ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း ဇူလိုင် ၇ ရက်၌ သတင်းထုတ်ပြန်သည်။

ထို့ကြောင့် ဥရောပအာကာသအေဂျင်စီမှ ပညာရှင်များက ဇူလိုင်လဆန်းမှစတင်ကာ မီတော့ပ်-ဘီဂြိုဟ်တုကို ပြင်ဆင်တပ်ဆင်မှုများပြုလုပ်နေပြီဖြစ်သည်။ လာမည့်ဩဂုတ်လ၌ မီတော့ပ်-ဘီဂြိုဟ်တုတွင် လောင်စာများဖြည့်ဆည်းခြင်း၊ တပ်ဆင်ထားသောကိရိယာများနှင့် ပစ္စည်းအစိတ်အပိုင်းများကို စမ်းသပ်စစ်ဆေးခြင်းများ ပြုလုပ်မည်ဖြစ်သည်။ ***(အပေါ်ပုံ)***

မီတော့ပ်-ဘီဂြိုဟ်တုသည် ဥရောပအာကာသအေဂျင်စီမှ လွှတ်တင်ရန် စီစဉ်ထားသည့် ကမ္ဘာ့ဝင်ရိုးစွန်းဒေသများကို လေ့လာရန်စေလွှတ်မည့် မီတော့ပ် ဂြိုဟ်တုသုံးလုံးအနက် ဒုတိယမြောက် ဂြိုဟ်တုလည်းဖြစ်သည်။

မီတော့ပ်-ဘီဂြိုဟ်တုကိုဥရောပအာကာသအေဂျင်စီနှင့် ပြင်သစ်အာကာသအေဂျင်စီတို့အပါအဝင် အခြားဥရောပနိုင်ငံများမှ အာကာသရေးရာအဖွဲ့အစည်းများက ပေါင်းစပ်ကာ ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

မီတော့ပ်-ဘီဂြိုဟ်တုသည် ရာသီဥတုပြောင်းလဲမှုနှင့်သတင်းအချက်အလက်များကို ပုံရိပ်များနှင့်တကွ ထုတ်ပြန်ပေးသွားမည်ဖြစ်ပြီး ဥရောပနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများသို့လည်း သတင်းအချက်အလက်များ မျှဝေပေးပို့သွားမည်ဖြစ်သည်။

ဥရောပအာကာသအေဂျင်စီတွင် ဩစတြီးယား၊ ဘယ်လ်ဂျီယံ၊ ချက်၊ ဒိန်းမတ်၊ ဖင်လန်၊ ပြင်သစ်၊ ဂျာမနီ၊ ဂရိ၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နော်ဝေ၊ ပေါ်တူဂီ၊ ရိုမေးနီးယား၊ စပိန်၊ ဆွီဒင်၊ ဆွစ်ဇာလန်နှင့် ဗြိတိန်နိုင်ငံတို့ ပါဝင်ကြသည်။ တစ်ဖန် ပိုလန်နှင့် ဘူလ်ဂေးရီးယားတို့လည်းပါဝင်ပြီး ကနေဒါနိုင်ငံကလည်း ပူးပေါင်းပါဝင်ရန် သဘောတူညီမှုရရှိထားသည်။ ***(အင်တာနက်)***

နိုင်ငံတကာအားကစားသတင်း

မောင်မောင်မြင့်ဆွေ – စုစည်းသည်

မေဂျာလိဂ်ဘောလုံးပြိုင်ပွဲ ဖီလာဒဲလ်ဖီးယားတို့ နိုင်ပွဲရရှိ

လော့စ်အိန်ဂျလိစ် ဇူလိုင် ၇

အမေရိကန်မေဂျာလိဂ်ဘောလုံးပြိုင်ပွဲများကို ဇူလိုင် ၆ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ လော့စ်အိန်ဂျလိစ်ဂလက်စီအသင်းနှင့် ဖီလာဒဲလ်ဖီးယားအသင်းတို့ပွဲတွင် ဖီလာဒဲလ်ဖီးယားက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ***(အပေါ်ပုံ)***

ဖီလာဒဲလ်ဖီးယားအတွက် အဖွင့်ဂိုးကို ပွဲချိန် ၄၅မိနစ်၌ မက်အင်နာနေးက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ လော့စ်အိန်ဂျလိစ်အတွက် ချေပဂိုးကို ပွဲချိန် ၇၃ မိနစ်၌ ဘာရက်ကသွင်းခဲ့သဖြင့် တစ်ဂိုးစီသရေဖြစ်နေခဲ့သည်။ ဖီလာဒဲလ်ဖီးယားတို့ ဦးဆောင်ဂိုးသွင်းယူနိုင်ရေးကြိုးစားခဲ့ရာ လော့စ်အိန်ဂျလိစ်ဂလက်စီအသင်းမှ ဂိုးသမားနှင့် နောက်ခံလူများ ကာကွယ်ဟန့်တားနိုင်မှုကြောင့် ဂိုးမရရှိဘဲဖြစ်နေခဲ့သည်။

ထို့နောက် ပွဲချိန်ပြည့်ခါနီး မိနစ် ၉၀ ၌ ဖီလာဒဲလ်ဖီးယားမှ ဖာဖန်က အနိုင်ဂိုးသွင်းယူခဲ့သဖြင့် ပွဲအပြီး ဖီလာဒဲလ်ဖီးယားအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ နောက်ထပ်ပွဲစဉ်အဖြစ် မွန်ထရီရယ်နှင့် ကင်ဆက်စီးတီးတို့ပွဲတွင် ကင်ဆက်စီးတီးက သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ အိမ်ရှင်မွန်ထရီရယ်က ပွဲချိန် ၄၉ မိနစ်၌ ဘာနီရာ၏ သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ပွဲချိန် ၅၇ မိနစ်၌ ပယ်နယ်တီမှတစ်ဆင့် ကင်ဆက်စီးတီး ကာမာရာက ချေပဂိုးသွင်းယူနိုင်ခဲ့သည်။

ဆက်လက်ပြီး ပွဲချိန် ၇၅မိနစ်၌ ကင်ဆက်စီးတီးအသင်းမှ ဇူစီက ပယ်နယ်တီမှတစ်ဆင့် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၈၂ မိနစ်တွင် ပီတာဆင်က တတိယဂိုးကို သွင်းယူခဲ့သဖြင့် ပွဲအပြီး ကင်ဆက်စီးတီးတို့က သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ***(အင်တာနက်)***

ပါရီဒိုင်းမွန်းလိဂ် ပြေးခုန်ပစ်ပြိုင်ပွဲကျင်းပ အမျိုးသားမီတာ ၁၀၀ အပြေးပြိုင်ပွဲ၌ တိုင်စန်ဂေးဗိုလ်စွဲ

ပါရီ ဇူလိုင် ၇



ပြင်သစ်နိုင်ငံ ပါရီမြို့၌ နိုင်ငံတကာပြေးခုန်ပစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ပါရီဒိုင်းမွန်းလိဂ် ပြေးခုန်ပစ်ပြိုင်ပွဲကို ဇူလိုင် ၇ ရက်က ကျင်းပရာ အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲ၌ အမေရိကန် အပြေးသမား တိုင်စန်ဂေး **(ယာပုံ)**က ၉ ဒသမ ၉၉ စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့သည်။

ဒုတိယနေရာမှ ပန်းဝင်လာသူမှာ အမေရိကန်အပြေးသမား ဂျက်စတင်းဂတ်လင်းဖြစ်ပြီး ၁၀ ဒသမ ၀၃ စက္ကန့်ဖြင့် ပြေးနိုင်ခဲ့ခြင်းဖြစ်သည်။ ပြင်သစ်အပြေးသမား လီမိုင်ထရီက ၁၀ ဒသမ ၀၈ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။

ဆက်လက်ပြီး အမျိုးသား မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ကင်ညာအပြေးသမား ရူဒီရှားက ၁ မိနစ် ၄၁ ဒသမ ၅၄ စက္ကန့်ဖြင့် ပထမရရှိခဲ့သည်။ စပိန်အပြေးသမား ရေးနာက ၁မိနစ် ၄၅ ဒသမ ၆၂ စက္ကန့်ဖြင့် ဒုတိယရရှိခဲ့ပြီး ကင်ညာအပြေးသမား မီဂိုက ၁မိနစ် ၄၅ ဒသမ ၆၈ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။

တစ်ဖန် အမျိုးသားမီတာ ၅၀၀၀ အပြေးပြိုင်ပွဲတွင် အီသီယိုးပီးယားမှ ဂီဘာရီမက်ကေးက ၁၂ မိနစ် ၄၆ ဒသမ ၈၁ စက္ကန့်ဖြင့် ပထမရရှိခဲ့သည်။ နောက်ထပ်အီသီယိုးပီးယား အပြေးသမားဂီဘာဟီဝက်က ၁၂ မိနစ် ၄၇ဒသမ ၅၃ စက္ကန့်ဖြင့် ဒုတိယရရှိခဲ့ပြီး ကင်ညာအပြေးသမား ကီပလန်ဂတ်ကိုချ်က ၁၂ မိနစ် ၄၈ ဒသမ ၆၄ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။ အမျိုးသား မီတာ ၄၀၀တန်းကျော်ပြေးပွဲတွင် ပွာတိုရီကိုမှ ကူဆင်က ၄၇ ဒသမ ၇၈ စက္ကန့်ဖြင့် ပထမရရှိပြီး ဗြိတိန်မှ ဒေးဗစ်ဂရီးနေက ၄၇ဒသမ ၈၄ စက္ကန့်ဖြင့် ဒုတိယရရှိခဲ့သည်။ ဒိုမီနီကန်မှ ဆန်ချက်က ၄၈ ဒသမ ၅၆ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။ **(အင်တာနက်)**

ဥရောပအမျိုးသမီးဘော်လီဘောချန်ပီယံဗိုလ်လုပွဲ ချက်အသင်း အနိုင်ရပြီးဗိုလ်စွဲ

ပရာကွိ ဇူလိုင် ၇

ဥရောပအမျိုးသမီးဘော်လီဘောပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ချက်နိုင်ငံ ကာလိုဗီဗာရီမြို့၌ ဇူလိုင် ၇ရက်က ကျင်းပရာ ချက်အမျိုးသမီးဘော်လီဘောအသင်းက ဘူလ်ဂေးရီးယားအသင်းကို သုံးပွဲပြတ်ဖြင့် နိုင်ပွဲရရှိပြီး ဗိုလ်စွဲခဲ့သည်။ (ဝဲပုံ)

ချက်အမျိုးသမီးဘော်လီဘောအသင်းသည် ဘူလ်ဂေးရီးယားအသင်းအား ၂၆-၂၄၊ ၂၅-၁၈၊ ၂၅-၂၃ဖြင့် သုံးပွဲပြတ်နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ တတိယနေရာလုပွဲအဖြစ် ဆားဘီးယားနှင့်နယ်သာလန်တို့ပွဲတွင် ဆားဘီးယားအသင်းက သုံးပွဲ-တစ်ပွဲဖြင့်နိုင်ပွဲရရှိခဲ့သည်။

ထို့ကြောင့် ၂၀၁၁ ခုနှစ်က ဥရောပအမျိုးသမီးဘော်လီဘောချန်ပီယံဖြစ်ခဲ့သော ဆားဘီးယားအသင်းသည် ယခုနှစ်၌ တတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။ ဆားဘီးယားအမျိုးသမီးဘော်လီဘောအသင်းသည် ၂၀၀၉ ခုနှစ်ကလည်း ဥရောပအမျိုးသမီးဘော်လီဘော ချန်ပီယံဖြစ်ခဲ့သည်။ ယခုပြိုင်ပွဲတစ်လျှောက်၌ဘော်လီဘောရိုက်ချက်အကောင်းဆုံး အားကစားမယ်အဖြစ် ဘူလ်ဂေးရီးယားမှ ဗာဆီလီဗာက ရရှိပြီး တစ်ဖက်အသင်း ရိုက်ချက်ကို အကောင်းဆုံး ကာကွယ်နိုင်သည့် အားကစားမယ်အဖြစ် နယ်သာလန်မှ ဝမ်ဆင့်က ရရှိခဲ့သည်။ **(အင်တာနက်)**

ရခိုင်ပြည်နယ်စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ
ပုံမှန်အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၇

ရခိုင်ပြည်နယ်အနေဖြင့် ၂၀၁၂-၂၀၁၃ စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကဏ္ဍအလိုက် ရည်မှန်းချက်များ ပြည့်မီအောင် သက်ဆိုင်ရာဌာနများက ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပြီး ကော်မတီအနေဖြင့်လည်း ကဏ္ဍအလိုက် အားနည်းချက်၊ အားသာချက်များကို ထောက်ပြကာ ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို သက်ဆိုင်ရာ ကော်မတီများနှင့်ချိတ်ဆက် လျက်လိုအပ်သည့် အကြံဉာဏ်များ၊ အကူအညီများ ရယူဆောင်ရွက်ခြင်းများကို ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ဇူလိုင် ၅ ရက် နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ်စီမံကိန်းဦးစီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ရခိုင်ပြည်နယ်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီ ပုံမှန်အစည်းအဝေး၌ မှာကြားသည်။

ဆွေးနွေးတင်ပြ

အစည်းအဝေးတွင် ရခိုင်ပြည်နယ် စီမံကိန်းဦးစီးမှူး ဦးကျော်အေးသိန်းက ၂၀၁၁-၂၀၁၂ နှစ်စဉ်စီမံကိန်းရည်မှန်းချက်များအကောင်အထည်ဖော်မှု၊ ပဉ္စမ ကာလတိုင်းနှစ်စီမံကိန်း၏ ကျန်သုံးနှစ်ဖြစ်သည့် (၂၀၁၃-၂၀၁၄မှ ၂၀၁၅-၂၀၁၆)အထိ ရေးဆွဲထားမှုနှင့် ၂၀၁၂ ခုနှစ် ဇွန်လကုန်အထိ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အကောင်အထည်ဖော်နိုင်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီးတက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် စစ်တွေဆိပ်ကမ်းသို့ ရောက်ရှိပြီး သင်္ဘောပေါ်မှ ကယ်ဆယ်ရေးပစ္စည်းများ သယ်ချနေမှုကို ကြည့်ရှုစစ်ဆေး၍စစ်တွေမြို့မဈေးကြီးကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နို့စားနွားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေး
အခက်အခဲများကို အစုအဖွဲ့ပုံစံဖြင့် စုပေါင်းဖြေရှင်း

နေပြည်တော် ဇူလိုင် ၇

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် ဇူလိုင် ၆ ရက်တွင် ရှမ်းပြည်နယ် ကျောက်မဲခရိုင် နောင်ချိုမြို့နယ်အတွင်းရှိ အုမ္မခါးကျေးရွာ၊ ပန်လန်းကျေးရွာနှင့် ဘူတာရပ်ကွက်တို့သို့ သွားရောက်ပြီး ကျေးရွာများရှိ နို့စားနွားမွေးမြူသူများ အစုအဖွဲ့ အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက နို့စားနွားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူသူတစ်ဦး တစ်ယောက်ချင်း ဆောင်ရွက်နိုင်ခြင်းမရှိသော အခက်အခဲများကို အစုအဖွဲ့ပုံစံဖြင့် စုပေါင်းဖြေရှင်းကြရန်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ နည်းပညာအကူအညီရယူ၍ နွားမျိုးမြှင့်တင်ရန်၊ တစ်ပိုင်တစ်နိုင် တန်ဖိုးမြှင့်နို့ ထွက်ပစ္စည်းများ ထုတ်လုပ်၍ တစ်ဦးချင်း ဝင်ငွေတိုးတက်ရရှိနိုင်ရေး ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထုတ်ချေးပေး

ထို့နောက် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်က အုမ္မခါးကျေးရွာ၊ ပန်လန်းကျေးရွာနှင့် ဘူတာရပ်ကွက်တို့မှ နွားမွေးတောင်သူ ၅၀ အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၂၅သိန်းထုတ်ချေးပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တွေ့ဆုံ

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး နောင်ချိုမြို့နယ်အတွင်းရှိ ကျေးရွာများမှ နို့စားနွားမွေးမြူသူများ အစုအဖွဲ့ အဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ်။

(သတင်းစဉ်)

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၈-၇-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၅း၄၀ **အချစ်အမုန်းအလွတ်ရုန်းလျှင် နိဗ္ဗာန်ဝင်** တရားတော် (ညောင်ကန်အေးဆရာတော် ဒေါက်တာအရှင်ဣန္ဒက)
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၇၆)
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၉၀)
- ၁၀း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ထာဝရချစ်သူ** (အပိုင်း-၃၀)
- ၂း၅၀ ဆယ်ကျော်သက်တို့ရဲ့ရင်ခုန်သံ မေးခွန်းများ(အပိုင်း-၁)
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၇၇)
- ၇း၂၀ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် တင့်လှပေဟန် အသွင်သဏ္ဍာန် ရောင်စုံခြယ်သ မေမြန်မာအလှ ဝတ်စားဆင်ယင် ထုံးဖွဲ့မှုပြပွဲ (အပိုင်း-၁)
- ၈း၀၀ MRTV-4 သတင်း
- ၉း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၉၁)
- ၁၀း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ထာဝရချစ်သူ** (အပိုင်း-၃၁)

နေပြည်တော်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး
အကောင်အထည်ဖော်ရေး အဖွဲ့များ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၇

နေပြည်တော် ကောင်စီနယ်မြေအတွင်း၌ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နေပြည်တော်ကောင်စီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ကွင်းဆင်းအဖွဲ့(၈)ဖွဲ့ ဖွဲ့စည်းပြီး ကျေးရွာတစ်ရွာလျှင် နှစ်ရက်နှုန်းဖြင့် အိမ်တိုင်ရာရောက် ကွင်းဆင်း၍ ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ တစ်ပိုင်တစ်နိုင်သီးပင်စားပင် စိုက်ပျိုးထုတ်လုပ်သည့် စိုက်နည်းစနစ်များနှင့် ပိုးမွှားဒဏ်ကာကွယ်ရေးပညာပေးခြင်း၊ ခိုင်းကျွဲ/ခိုင်းနွားနှင့် အိမ်မွေးတိရစ္ဆာန်များကို ကာကွယ်ဆေးထိုးခြင်း၊ လက်တွေ့ကုသပေးခြင်း၊ ကျေးလက်နေပြည်သူများအား အသိပညာပေးရေးဆိုင်ရာ ဟောပြောဆွေးနွေးမှုပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကွင်းဆင်းအဖွဲ့များသည် ဒေသခံပြည်သူများအတွက် အမှန်တကယ် အထောက်အကူပြုပေးနိုင်ရန် အဖွဲ့ရှစ်ဖွဲ့ဖြင့် ကျေးရွာများသို့ ဒုတိယအကြိမ် ကွင်းဆင်းပြီး လူနာ ၃၉၉၄ ဦးအား အခမဲ့ဆေးဝါးကုသပေးခဲ့ကာ၃၆ဦးကို သက်ဆိုင်ရာ၏ ဆေးရုံများသို့ လွှဲပြောင်း၍ နေပြည်တော် ကောင်စီ၏ ထောက်ပံ့ကူညီမှုဖြင့် ဆေးဝါးကုသမှုခံယူစေခဲ့သည်။ ဆက်လက်၍ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသမှုအဖွဲ့အနေဖြင့် ကျွဲ/နွား ၃၆၃၅ ကောင်၊ မြင်း ၁၁ ကောင်၊ ဆိတ်နှစ်ကောင်၊ ဝက် ၁၄၂၂ ကောင်၊ ကြက် ၇၁၂ ကောင်၊ ဘဲ ၁၈၃ ကောင်တို့ကို ဆေးဝါးကုသပေးခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်းနှင့် အားဆေးများတိုက်ကျွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးလက်နေ ပြည်သူများအား နေပြည်တော်ကောင်စီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ကွင်းဆင်းအဖွဲ့များ ဖွဲ့စည်းပြီး အိမ်တိုင်ရာရောက်ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးစဉ်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်ဒေသခံပြည်သူများအတွက်
အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၇

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများ လတ်တလော ရပ်တည်နိုင်ရေးအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပထမပုဂ္ဂလိက ဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများက ငွေကျပ် တစ်ဆယ့်ငါးသိန်းသုံးသောင်း၊ ဦးသာထွန်း-ဒေါ်မြင့်မြင့် မိသားစုက ငွေကျပ်သုံးသိန်း၊ ဒေါ်ညွန့်ညွန့် မိသားစုက ငွေကျပ်နှစ်သိန်းငါးသောင်း၊ အမှတ်(၁) တိုင်းဒေသကြီး/ပြည်နယ်မီးသတ်ဦးစီးရုံးများ ကွပ်ကဲမှုဌာနခွဲ ညွှန်ကြားရေးမှူးနှင့် တပ်ဖွဲ့ဝင် မိသားစုများက ငွေကျပ် သုံးသောင်းတစ်ထောင်၊ မိတ္ထီလာမြို့နယ်မီးသတ်ဦးစီးဌာနမှူးနှင့် တပ်ဖွဲ့ဝင်များက ငွေကျပ်တစ်သိန်း၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးနှင့် တပ်ဖွဲ့ဝင်များက ငွေကျပ်တစ်သောင်းနှစ်ထောင်၊ ဗိုလ်ကြီး ခင်ဇော် (ငြိမ်း)က ငွေကျပ်တစ်သောင်း၊ ကိုသူ ဦးဆောင်သောGreat Mobile ဝန်ထမ်းများက ငွေကျပ်တစ်သိန်း၊ ဦးမင်းအောင် (လက်ထောက်အုပ်ချုပ်ရေးမှူး YC DC)+ ဒေါ်မာလာမြင့်ထူး (နဝရတ်ရွှေဆိုင်)၊ ညီမ ဒေါက်တာနီလာမြင့်ထူး မိသားစုက ငွေကျပ်တစ်သောင်း၊ အဝတ်အထည်တစ်အိတ်၊ ဆပ်ပြာမှုန့် တစ်အိတ်နှင့် မာမားခေါက်ဆွဲခြောက်တစ်ဖာ၊ ကိုမျိုးသန့်က ငွေကျပ်သုံးသောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ကျေးဇူးတင်စကားပြောကြားသည်။ ယနေ့အထိ အလှူငွေရရှိမှုမှာ ငွေ ၂၃၇၉၉၇၈၁၆ ကျပ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှားပြင်ဆင်ချက်

(၁-၇-၂၀၁၂) ရက်ထုတ် သတင်းစာတွင် အချပ်ပိုအဖြစ် ထည့်သွင်းဖော်ပြခဲ့သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေကြမ်း၌ အခန်း(၈)၊ ပုဒ်မ ၃၅။ သဘာဝဘေးအန္တရာယ်လျော့ပါးရေး ဆောင်ရွက်မှုတစ်ခုခုကြောင့် ပုဂ္ဂလိကပိုင် ပစ္စည်းတစ်ခုခုတွင် တိုက်ရိုက်ထိခိုက်ဆုံးရှုံးမှုရှိခဲ့လျှင်သော်လည်းကောင်း၊ လူ့အသက်ဆုံးရှုံးခြင်း သို့မဟုတ် ကိုယ်လက်အင်္ဂါထိခိုက်ခြင်းမရှိခဲ့လျှင်သော်လည်းကောင်း၊ နစ်နာသူသည် သတ်မှတ်ချက်များနှင့်အညီ လျော်ကြေးငွေရပိုင်ခွင့်ရှိသည် အစား အခန်း(၈)၊ ပုဒ်မ ၃၅။ သဘာဝဘေးအန္တရာယ်လျော့ပါးရေးဆောင်ရွက်မှုတစ်ခုခုကြောင့် ပုဂ္ဂလိကပိုင် ပစ္စည်းတစ်ခုခုတွင် တိုက်ရိုက်ထိခိုက်ဆုံးရှုံးမှု ရှိခဲ့လျှင်သော်လည်းကောင်း၊ လူ့အသက်ဆုံးရှုံးခြင်း သို့မဟုတ် ကိုယ်လက်အင်္ဂါထိခိုက်ခြင်း ရှိခဲ့လျှင်သော်လည်းကောင်း၊ နစ်နာသူသည် သတ်မှတ်ချက်များနှင့်အညီ လျော်ကြေးငွေရပိုင်ခွင့်ရှိသည်ဟူ၍ ပြင်ဆင်ဖတ်ရှုပါရန်။

ဇွန် ၂၃ ရက်က ပခုက္ကူခရိုင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင်/ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ပညာဒါနအဖြစ် ပခုက္ကူမြို့ အမှတ်(၃)ရပ်ကွက်ရှိ တိလောကာရာမဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ကျောင်းသား ကျောင်းသူ ၈၃၈ ဦးအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ခဲဖျက် စုစုပေါင်းတန်ဖိုး ငွေကျပ် ၅၅၆၅၀၀ကို အဆိုပါစာသင်ကျောင်း၌ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

စာအုပ်စာပေ လှူမိတ်ဆွေ

၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်တာဝန်ပေးအပ်ပွဲကို ဇူလိုင် ၆ရက်က အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးက နှစ်စဉ်စီမံကိန်းရည်မှန်းချက်တာဝန်များကိုရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးအေးကျော်ထံ ပေးအပ်စဉ်။ (မြန်မာ့အလင်း)

● *ဆီရီနာဝီလျံမှ*

အနိုင်ရပြီး ဝင်ဘယ်ဒန်ဖလားကို ထိုက်ထိုက်တန်တန်ဆွတ်ခူးသွားပြီဖြစ်သည်။

ဆီရီနာဝီလျံသည် ဗိုလ်လုပွဲတွင် ပိုလန်တင်းနစ်မယ် ရက်ဒ်ဝမ်စကာအား ၆-၁၊ ၅-၇၊ ၆-၂ ဖြင့်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဆီရီနာဝီလျံသည် အဆိုပါ ဝင်ဘယ်ဒန်ဖလားကို ပဉ္စမအကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ သူမသည် ဝင်ဘယ်ဒန်ဖလားကို ၂၀၀၂၊ ၂၀၀၃၊ ၂၀၀၉ နှင့် ၂၀၁၀ ခုနှစ်များတွင်လည်း ဆွတ်ခူးနိုင်ခဲ့သည်။ သူမသည် ပြိုင်ပွဲတွင် အနိုင်ရရှိလိုက်သဖြင့် ဆုကြေးငွေ ပေါင်တစ်သန်းလည်း ရရှိသွားသည်။

"ကျွန်မ ဒီနှစ်ပြိုင်ပွဲမှာ ယခုလို ဗိုလ်စွဲလိမ့်မယ်လို့ လုံးဝမျှော်လင့်မထားခဲ့ပါဘူး၊ ပြိုင်ပွဲတစ်လျှောက် အခက်အခဲများရှိခဲ့ပေမယ့် အကောင်းဆုံးကြိုးစားခဲ့ပါတယ်။ ဒါကြောင့်လည်း ဒီနေ့ပြိုင်ပွဲကြီးမှာ ဖလားဆွတ်ခူးနိုင်ခဲ့တယ်လို့ထင်ပါတယ်။ ဒီအတွက် အလွန့်အလွန်ကို ဝမ်းသာပါတယ်" ဟု ဆီရီနာဝီလျံက သတင်းထောက်များကို ပြောကြားသည်။

ဆီရီနာဝီလျံသည် နောက်ဆုံး အဆုံးအဖြတ်ပွဲကို အနိုင်ရရှိလိုက်ချိန်တွင် တင်းနစ်ကွင်းမြေပြင်သို့လှဲချပြီး မျက်နှာကို လက်နှစ်ဖက်ဖြင့်အုပ်လျက် အောင်ပွဲခံခဲ့သည်။ ထို့နောက်သူမသည် ပွဲကြည့်စင်မြင့်ထက်ရှိ ၎င်း၏မိဘဆွေမျိုးများရှိရာသို့ အပြေးအလွှားတက်ရောက်သွားပြီး ဖက်လှဲတကင်းနှုတ်ဆက်ခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ ဆီရီနာဝီလျံသည် သူမ၏ ဝင်ဘယ်ဒန်ဖလားကို ကိုင်မြှောက်၍လည်းကောင်း၊ ခုန်ပေါက်၍လည်းကောင်း အောင်ပွဲခံခဲ့သည်။ ဝင်ဘယ်ဒန်တင်းနစ်ကွင်းကြီးတစ်ခုလုံး နှစ်ဖက်ပရိသတ်များနှင့်အတူ ဆီရီနာဝီလျံ၏ ပြုံးပျော်နေမှုသည် အချိုပေါ်သကာလောင်းသကဲ့သို့ ပျော်မဆုံး၊ မော်မဆုံးပင်ဖြစ်နေပေတော့သည်။

ကိုးကား-အင်တာနက်

✻ *လိုင်းကားများမှ*

က မမောင်းလို့ ဘယ်သူကမောင်းမှာလဲ။ ဒါရိုးရိုးရှင်းရှင်းလေးမဟုတ်လား---။

ဒါပေမယ့် မဟုတ်ပါဘူးခင်ဗျ။ စာရေးသူ လိုင်းကားစီးမိတော့မှ မိတ်ဆွေ ပြောတာမှန်ကြောင်း သိလိုက်ရပါတယ်။

ရန်ကုန်မြို့ မြေနီကုန်းက မီးပွိုင့်အကျော်မှတ်တိုင်တစ်ခုမှာ ယာဉ်မောင်းက ကားခေါင်းမှာ အေးအေးဆေးဆေးပါပဲ။ ယာဉ်နောက်လိုက်က ပလက်ဖောင်းပေါ်ကနေ နောက်ကားရဲ့ လှုပ်ရှားမှုကို မျက်ခြည်မပြတ်ချောင်းနေပါတယ်။

"ဆရာရေ နောက်ကားမီးပွိုင့်ကထွက်လာပြီ။ မောင်း----" ပြောရင်းမှပဲ ကွေ့ကြောကလာတဲ့ကားရှေ့မှာ လက်တားရင်း"ဆရာရေ တစ်စီးလောက်ဆိုပြီး ရဲရဲထုတ်၊ ဆရာရေ နောက်ကားတား ထားတယ်။ အောက်လမ်းကပဲယူထား" ဆိုပြီး တာတိုအပြေးသမား တာစထွက်သလို တစ်ဟုန်ထိုးစထွက်လိုက်ပါတယ်။

လမ်းတစ်လျှောက်မှာ ယာဉ်နောက်လိုက်က "လီဗာဖိနင်းထား၊ နောက်ကားကနှစ်စီးကျော်မှာ အပေါ်ကြောရှင်းတယ် ခေါင်းထုတ်ထား" နောက်ကကားကိုလည်း "အစ်မကြီးတစ်စီးလောက်ကား လိုက်လာလို့ပါ" လမ်းလယ်မှာ လူရှိတယ်၊ သတိထား၊ မီးပွိုင့်စိမ်းနေတယ်၊ နီခါနီးပြီ နောက်ကားကိုပွိုင့်မှာကပ်ချန်ထားခဲ့၊ နည်းနည်းထပ်ဖိထားလိုက်ရှေ့မှာလှည့်ကင်းရှိတယ်။ လမ်းကြောင်းပြန်ဝင်ထား၊ လျှော့ထားဆရာ။"

ယာဉ်နောက်လိုက်က ကားကိုမောင်းနေလိုက်တာ 'လေ'နဲ့လေ။ "ကိုးထပ်ပါလား---၊ ပါရင် ကြိုထွက်ထားနော်--၊ ကပ်မှပါတယ်မပြောနဲ့၊ ရှေ့မှတ်တိုင်ကျမှ ဆင်းပဲ။ ကိုးထပ်ပါတယ် ဆရာ၊ အသက်ကြီးပိုင်းတစ်ယောက်ဆင်းမယ်။"

စာရေးသူ ကားလေးပေါ်ကနေ ခုန်မချရရုံတစ်မည်ပါပဲ၊ ဆင်းလိုက်ရပါတယ်။ နောက်ခြေထောက်က ခြေနင်းနဲ့ လွတ်ရုံရှိပါသေးတယ်၊ မောင်း--- ဆိုတဲ့အသံနဲ့အတူ ကားလေးက မြားတစ်စင်း လေးကလွှတ်လိုက်သလို ပြေးထွက်သွားပါတယ်။

အဲဒီတော့မှ စာရေးသူသက်ပြင်းချပြီး ပြန်တွေးလိုက်မိပါတော့တယ်။ မိတ်ဆွေပြောတာ မှန်ပါလားလို့---။

◆ *ဂျင်နီဖာလောရင့်မှ*

ပေးမှုတွေကို ပြုလုပ်ခဲ့ပါတယ်။ဂျင်နီဖာလောရင့်ဟာ ဇူလိုင် ၂ရက်က ပါရီမြို့ကို ရောက်ရှိခဲ့တာဖြစ်ပြီး ပါရီဖက်ရှင်သီတင်းပတ်ပြပွဲကို လာရောက်ဆင်နွှဲခြင်းလည်းဖြစ်ပါတယ်။

အသက် ၂၁ နှစ်အရွယ်ရှိတဲ့ ရုပ်ရှင်မင်းသမီးဂျင်နီဖာလော့ရင်ကို သူမပါဝင်သရုပ်ဆောင်ခဲ့တဲ့ The Hunger Gamesဇာတ်ကားကြောင့် ကမ္ဘာတစ်ဝန်းကပရိသတ်တွေ အားပေးနှစ်ခြိုက်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီဇာတ်ကားနဲ့ ဂျင်နီဖာလောရင့်က အမ်တီဗွီ အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆု ရရှိခဲ့သူလည်းဖြစ်ပါတယ်။ ရုပ်ရှင်မင်းသမီး ဂျင်နီဖာလောရင့်ဟာ ၂၀၁၂ ခုနှစ်အတွင်းမှာ Devil You Know၊ House at the End of the street Elissa တွေရိုက်ကူးခဲ့ပြီး The Falling နာမည်ရှိတဲ့ဇာတ်ကားကိုတော့ ပူးတွဲထုတ်လုပ်သူအဖြစ်လည်း လုပ်ကိုင်လျက်ရှိပါတယ်။ရုပ်ရှင်မင်းသမီးဂျင်နီဖာလောရင့်ဟာ ရုပ်ရှင်ဇာတ်ကားတွေအပြင် ရုပ်မြင်သံကြားဇာတ်လမ်းတွဲတွေလည်း ပါဝင်သရုပ်ဆောင်နေသူ ဖြစ်ပါတယ်။ သူမဟာ လောလောဆယ်မှာ ရုပ်ရှင်မင်းသားနီကိုလက်စ်ဟုပ်တ်နဲ့ ၂၀၁၁ခုနှစ်ကတည်းကတွဲနေပြီး ရုပ်ရှင်မင်းသမီးအပြင် ရုပ်ရှင်ထုတ်လုပ်သူအဖြစ် လုပ်ကိုင်နေသူဖြစ်ပါတယ်။

(အင်တာနက်)

မြန်မာစစ်တုရင်အဖွဲ့ အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် ဇူလိုင် ၇

ဇူလိုင် ၇ ရက်မှ ၁၃ ရက်အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည့် မြန်မာ့ရိုးရာစစ်တုရင် အားကစားဆွေးနွေးပွဲနှင့် အာဆီယံနိုင်ငံများ တက္ကသိုလ်/ကောလိပ် စစ်တုရင်ပြိုင်ပွဲသို့ အဖွဲ့ဝင်လေးဦးပါ မြန်မာစစ်တုရင်အဖွဲ့သည် ဇူလိုင် ၅ ရက် ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။ **(အပေါ်ပုံ)**

မြန်မာစစ်တုရင်အဖွဲ့တွင် မြန်မာ့ရိုးရာ စစ်တုရင်အားကစားအကြောင်း ဆွေးနွေးရန် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်၊ အမှုဆောင် ဦးတိုးနှင့် အာဆီယံနိုင်ငံများ တက္ကသိုလ်/ကောလိပ် စစ်တုရင်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် ညီလှိုင်စိုး (နည်းပညာတက္ကသိုလ်-စစ်ကိုင်းတိုင်း ဒေသကြီး) တို့ လိုက်ပါသွားကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း ရုပ်ရှင်အမြည်း

မြန်မာဇာတ်ကားသစ်နှင့် နိုင်ငံခြားဇာတ်ကားသစ်တစ်ကား ရန်ကုန်မြို့လယ်ရုံများ၌ ယခုတစ်ပတ်ရုံဝင်ခဲ့

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဇူလိုင် ၇

ရန်ကုန်မြို့ရှိ မြို့လယ်ရုပ်ရှင်ရုံများတွင် မြန်မာဇာတ်ကားသစ် **"သွားလူဆိုး-ဒါမျိုးတော့တတ်တယ်"** ဇာတ်ကားနှင့် နိုင်ငံခြားဇာတ်ကားသစ် **Snow White And The Huntsman** ဇာတ်ကားတို့ ပြီးခဲ့သည့်သောကြာနေ့က အပြိုင်ရုံဝင်ခဲ့သည်။

ဒါရိုက်တာ အကယ်ဒမီ ညီညီထွန်းလွင်ရိုက်ကူးပြီး အကယ်ဒမီ ကျော်ရဲအောင်၊ အကယ်ဒမီ ပြေတီဦး၊ နေမင်း၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်နှင့် ပုလဲဝင်းတို့ ခေါင်းဆောင်ပါဝင်ထားကြသည့် **"သွားလူဆိုး-ဒါမျိုးတော့တတ်တယ်"** ဇာတ်ကားကို ရန်ကုန်မြို့ရှိ သမ္မတ၊ သွင်၊ မင်္ဂလာ(၁)၊ သိမ်ကြီးဈေးရုပ်ရှင်ရုံများတွင် ပြသလျက်ရှိသည်။ အဆိုပါဇာတ်ကားသည် တန်ဆောင်တိုင် ကျီးမနိုးပွဲ၊ မီးပုံးပျံလွှတ်တင်ပွဲ၊ ရှင်ပြုနားသ အလှူတော်မင်္ဂလာပွဲ၊ ထိမ်းမြားမင်္ဂလာလက်ထပ်ပွဲ အလေ့အထ၊လူကြီးသူမများကို ကန်တော့ပွဲ စသည့် မြန်မာ့ရိုးရာဓလေ့ပုံကို အခြေခံထားသည့် ဟာသဇာတ်မြူး ဇာတ်ကားဖြစ်သည်။

Snow White And The Huntsman ဇာတ်ကားကိုမူ ရှေ့ဆောင်ရုံတွင် ပြသလျက်ရှိသည်။ အဆိုပါဇာတ်ကားကို ဒါရိုက်တာ Rupert Sanders က ရိုက်ကူးထားပြီး စိတ်ကူးယဉ်စွန့်စားခန်းများ ပါဝင်သော ဇာတ်ကားတစ်ကားဖြစ်ပါကြောင်း ရုပ်ရှင်အမြည်းအဖြစ် ရေးသားလိုက်ရပါသည်။

သွားလူဆိုး-ဒါမျိုးတော့တတ်တယ် ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

မြန်မာ့အလင်း မှုခင်းသတင်း ၇-၇-၂၀၁၂

လယ်အတွင်းရေဖောက်သည့်ကိစ္စ စကားများရာမှ လူသတ်မှုဖြစ်

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ဇီးဖြူခင်ကျေးရွာ၌ ဇူလိုင် ၅ ရက် နံနက် ၈ နာရီခွဲက လယ်ချင်းကပ်လျက် ထိစပ်နေသောနေရာ၌ ရေဖောက်သည့်ကိစ္စနှင့်ပတ်သက်၍ ရန်ဖြစ်စကားများရာမှ လူသတ်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ညောင်လေးပင်မြို့နယ် ဇီးဖြူခင်ကျေးရွာနေ နိုင်ဝင်းဖြိုး အသက်(၂၂)နှစ် (ဘ)ဦးစိုးတင့်၊ စိုးတင့် အသက် (၅၇)နှစ် (ဘ)ဦးချစ်လှိုင်နှင့် မင်းနိုင် အသက်(၃၇)နှစ် (ဘ)ဦးမြင့်သောင်းတို့သည် လယ်ယာမြေချင်းကပ်လျက်ရှိပြီး လယ်မြေချင်းထိစပ်နေသောနေရာ၌ လယ်အတွင်းရေဖောက်သည့်ကိစ္စနှင့်ပတ်သက်၍ တစ်ယောက်တစ်ခွန်းရန်ဖြစ်စကားများကြရာမှ ဒေါသဖြစ်ကာ နိုင်ဝင်းဖြိုးနှင့် စိုးတင့်တို့သားအဖနှစ်ဦးက လက်ထဲတွင်အသင့်ကိုင်ထားသော လယ်ယာလုပ်ငန်းသုံး ပေါက်တူး၊ ဓားဖြင့် ဦးခေါင်း၊ ဝမ်းဗိုက်၊ တင်ပါးဆုံတို့အား ခုတ်လိုက်ရာ မင်းနိုင် အသက်(၃၇)နှစ် (ဘ) ဦးမြင့်သောင်းမှာ အခင်းဖြစ်သည့်လယ်ကွင်းထဲမှာပင် သေဆုံးသွားခဲ့သည်။ လူသတ်မှုကို ညောင်လေးပင်ရဲစခန်းက အရေးယူထားကြောင်းသိရှိရသည်။ **(၁၃၈)**

မုန်တိုင်ကျေးရွာတွင် လူသတ်မှုဖြစ်

မိတ္ထီလာမြို့ အနောက်ဘက် ၁၀ မိုင်အကွာ မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းဘေးရှိ မုန်တိုင်ကျေးရွာတွင် ဇူလိုင် ၅ ရက် ညက ညီအစ်ကိုချင်း စကားများရာမှ အရက်မူးနေသည့်အစ်ကိုက ညီအား ကိုင်းခုတ်ဓားဖြင့်ခုတ်ရာ အစ်ကို၏ဓားကို ညီဖြစ်သူကလုယူကာ အစ်ကိုအား ပြန်ခုတ်လိုက်သဖြင့် အစ်ကိုဖြစ်သူ သေဆုံးသွားသည့် လူသတ်မှုတစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ မုန်တိုင်ကျေးရွာနေ တောင်သူမိခင်ဒေါ်ခင်သောင်း နေမကောင်း၍ သားဖြစ်သူ ကိုစိန်ဝင်း၏ဇနီး မနွယ်နွယ်ဦးက ယောက္ခမအတွက် ဆန်ပြုတ်လာပို့သည်ဆို၏။ မိခင်ဒေါ်ခင်သောင်း၏ အိမ်ရောက်နေသည့် သားကြီးဖြစ်သူ ကိုညွန့်ဝေ ၅၇ နှစ်ကအရက်မူးပြီး ခယ်မဖြစ်သူမနွယ်နွယ်ဦးအား ဘာလာလုပ်တာလဲဟုမေးရာ နွယ်နွယ်ဦးက ဆန်ပြုတ်လာပို့ကြောင်း ပြန်ပြောလိုက်သည်။ ထိုအခါ ဘာလို့လာပို့ရတာလဲဟု အစ်ကိုက ပြန်ပြောရာ ညီဖြစ်သူ ကိုငွေစိုး ၅၅နှစ်က အမေနေမကောင်းလို့ လာပို့တာဟု ပြန်ပြောရာမှ ညီအစ်ကိုချင်း စကားများ၍ အစ်ကိုဖြစ်သူက အရက်မူးပြီး အနီးရှိ အရှည် ၂၂ လက်မရှိ ကိုင်းခုတ်ဓားဖြင့် ညီဖြစ်သူအားခုတ်ရာ ကိုငွေစိုးက အစ်ကို့ဓားအားလုယူပြီး ပြန်ခုတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။ **(၀၁၂)**

မြန်မာ့အလင်း စာအုပ်စင်ကဏ္ဍ ၇-၇-၂၀၁၂

ကိုလင်း စုစည်းသည်

ပါလီမန်မြင်ကွင်းသတင်းမှတ်စု စာအုပ်ထုတ်ဝေ

စာရေးဆရာတက္ကသိုလ်မြတ်သူရေးသားသည့် ပါလီမန်မြင်ကွင်းသတင်းမှတ်စုစာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ပါလီမန်လွှတ်တော်ဟူသည်၊ ပါလီမန်လွှတ်တော်နှင့် ကိုလိုနီခေတ်အနေအထား၊ ပါလီမန်လွှတ်တော်အတွက် ရွေးကောက်ကြရာတွင်၊ ဖဆပလ နှစ် ၄၀ အာဏာတည်မြဲရေးနှင့် ပါလီမန်ရွေးကောက်ပွဲ၊ ဖဆပလချင်းအပြိုင်ကြသော၁၉၆၀ ပြည့်နှစ်ရွေးကောက်ပွဲ၊ လမ်းစဉ်ပါတီခေတ်ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ၊ ၁၉၉၀ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၊ ပါတီဘက်လိုက်သော အထူးရဲများ၊ ပြည်သူကိုညှဉ်းပန်းသတ်ဖြတ်မှု၊ အခြေခံဥပဒေ (၂၀၀၈)နှင့် လွှတ်တော်များ၊ ကမ္ဘာ့လွှတ်တော်သမဂ္ဂစသော အကြောင်းအရာများပါဝင်သည်။

စာအုပ်ကို နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့ရှိ စာပေဗိမာန် စာအုပ်ဆိုင်များ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်အမှတ် ၂၁၂ သိမ်ဖြူလမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၄၃၀၆၊ အင်းဝစာပေ ဖုန်း-၀၁-၂၄၃၂၁၆၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေနှင့် နဂါးစာပေတို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

သမိုင်းရနံ့ပျံ့ပျံ့သင်းသင်းစာအုပ် ထုတ်ဝေဖြန့်ချိ



စာရေးဆရာ ဦးစိန်မောင်ဦး (ရှေးဟောင်းသုတေသန) ရေးသားထားသော သမိုင်းရနံ့ပျံ့ပျံ့သင်းသင်းစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

စာအုပ်တွင် ရှေးမြန်မာမင်းများလက်ထက်အကြောင်း မသိသေးသည့် သမိုင်းအချက်အလက်များကို ပြန်လည်ဖော်ထုတ်ပေးခြင်း၊ ဝိဝါဒကွဲပြားနေသော သမိုင်းအချက်အလက်များကို ပြင်ဆင်ပေးခြင်းတို့ဖြင့် မြန်မာ့သမိုင်းအတွက်အလွန်တန်ဖိုးရှိသည့် ဆောင်းပါးများပါဝင်ပါသည်။ ဤစာအုပ်ပါ သမိုင်းဆောင်းပါးများ အားလုံးသည် သမိုင်းတန်ဖိုးကြီးမားသော ဆောင်းပါးများဖြစ်သည့်အလျောက် ရှေးဟောင်းသုတေသနပညာရပ်ကို လေ့လာဆည်းပူးသူများအတွက်လည်းကောင်း၊ သမိုင်းဘာသာရပ်ကို စိတ်ဝင်စားသည့်သူများအတွက်လည်းကောင်း၊ အသိသစ်၊ အမြင်သစ်ကိုပေးနိုင်သော စာအုပ်ကောင်းတစ်အုပ်အဖြစ် လက်ခံကြိုဆိုရမည်ဖြစ်ကြောင်း မြန်မာ့သမိုင်းအဖွဲ့ဝင် ဒေါက်တာကျော်ဝင်းက အမှာရေးသားပေးထားပါသည်။ စာအုပ်ကို အလင်းသစ်စာပေ အမှတ်-၁၇ အခန်း-၆၀၁ ၅၂ လမ်း (အောက်) ဗိုလ်တထောင်မြို့နယ် ဖုန်း-၀၉-၅၄၀၀၃၀၂၊ ၀၉-၈၇၀၃၈၄၈ မှ တစ်အုပ်လျှင် ငွေကျပ် ၆၅၀၀ ဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

Animation လှုပ်ရှားမှုပုံရိပ်များစာအုပ် ထုတ်ဝေ



စာရေးသူကောင်းဆက်မှူး ရေးသားပြုစုသည့်Animation Gif File Format လှုပ်ရှားမှု ပုံရိပ်များစာအုပ် ထုတ်ဝေဖြန့်ချိလိုက်သည်။

Animation ဟူသည် ပုံရိပ်သေများကို သက်ဝင်လှုပ်ရှားနေသည့် ပုံရိပ်များအဖြစ် ဖန်တီးပေးခြင်းဖြစ်သည်။ ရုပ်သေကာတွန်းများ လှုပ်ရှားနိုင်အောင် Animation ဖန်တီးမှုဖြင့် ပြုလုပ်နိုင်သည်။ ဤစာအုပ်တွင် လူကြီးလူငယ်မရွေးလွယ်ကူရိုးရှင်းပြီး အဆင့်မြင့်သည့် Animation လှုပ်ရှားမှုပုံရိပ်များ ဖန်တီးပုံကိုဖော်ပြထားသည်။ စာအုပ်ကို မနောဖြူစာပေ အမှတ် ၂၃၅ မြေညီထပ် ၃၇ လမ်း(အထက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၀၄၃၈၇၃ ဖြန့်ချိထားသည်။

ပန်းနာရင်ကျပ်ရောဂါအကြောင်း သိကောင်းစရာများ စာအုပ်ထုတ်ဝေ



စာရေးသူဦးလှမြင့်(ဂန္ဓမာ)ရေးသားသော ပန်းနာရင်ကျပ်ရောဂါအကြောင်းသိကောင်းစရာများစာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် ပန်းနာရင်ကျပ်ရောဂါကိုဖြစ်စေသော အကြောင်းအရာများ၊ ရောဂါအမည် ဖော်ထုတ်ပုံ၊ ကုသပုံ၊ နောက်ဆုံးပေါ်တွေ့ရှိချက်များကို ပြည့်ပြည့်စုံစုံဖော်ပြထားသည်။ စာအုပ်တွင်ပန်းနာရင်ကျပ်ရောဂါအကြောင်း၊ ရောဂါလက္ခဏာများနှင့်ရောဂါအမည်ဖော်ထုတ်ခြင်း၊ ကာကွယ်ခြင်း၊ ရောဂါကိုကိုင်တွယ်ဖြေရှင်းပုံ၊ အသက်ကြီးသူများနှင့် ရောဂါအကြောင်း၊ လုပ်ငန်းခွင်ပန်းနာရင်ကျပ်ရောဂါ၊ ဖြည့်စွက်ကုသခြင်းများ၊ အသုံးပြုရသောဆေးဝါးများစသည့် အကြောင်းအရာများ ပါဝင်သည်။ စာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇) ၃၉ လမ်း(အထက်) ကျောက်တံတားမြို့နယ် ဖုန်း-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃မှ ငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိထားသည်။

ဖုန်းရွှေအဆောင်လာဘ်ကောင်လေးများစာအုပ် ထုတ်ဝေဖြန့်ချိ



စာရေးသူစန္ဒီ(Artist)၏ ဖုန်းရွှေအဆောင်လာဘ်ကောင်လေးများစာအုပ်ထုတ်ဝေဖြန့်ချိလိုက်သည်။

တရုတ်လူမျိုးတို့၏ရှေးဟောင်း လောကီပညာရပ်တစ်ခုဖြစ်သည့် "ဖုန်းရွှေ"ကို ရှေးယခင်မှ ယခုအထိ ယုံကြည်စွာ သုံးစွဲနေကြသည်။ "ဖုန်းရွှေ" ဟူသည် ထူးခြားဆန်းကြယ် အံ့မခန်းပညာရပ်ဖြစ်ပြီး ခေတ်အဆက်ဆက် ယုံယုံကြည်ကြည် ယနေ့အထိ လိုက်နာကျင့်သုံးနေကြသည့် သဘာဝတရား၊ လူသားနှင့် အရာဝတ္ထုများ၏နေရာတည်ရှိမှု၊ ဆက်စပ်မှုတို့ကို အခြေခံထားသော ပညာရပ်ဖြစ်သည်။ စာအုပ်တွင် အဆောင်လာဘ်ကောင်လေးများကို စနစ်တကျသိရှိ၍ မှန်ကန်စွာ အသုံးပြုလျှင် ငွေရေးကြေးရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ မိသားစုရေး၊ ရောင်းပန်းဝယ်ပန်းကောင်းမှု၊ လူမှုရေးကောင်းမှု၊ လူမှုရေးအောင်မြင်မှုအားလုံးအတွက် ပင်ပန်းတကြီး ကြိုးပမ်းစရာမလိုသည့် ယတြာတစ်မျိုးဖြစ်ကြောင်း ဓာတ်ပုံများနှင့်တကွ ဖော်ပြထားသည်။ အဆိုပါစာအုပ်ကို စာပေလောက(၅) အမှတ် ၁၃၈/၁၄၀ (ပထမထပ်) ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၁၂၅၀၆၇မှ ငွေကျပ် ၃၅၀၀ နှုန်းဖြင့် ဖြန့်ချိထားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရမည်းသင်းမြို့နယ် စည်ပင်သုတေသနစိုက်ပျိုးရေးခြံရှိ ယာယီ ရှင်းလင်းဆောင်၌ နေကြာသီးနှံမှ စားဆီသန့် ထုတ်လုပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❖ *ရှေ့ဖုံးမှ*

ပြောကြားရာ၌ မိမိတို့နိုင်ငံတော်အစိုးရသစ်ကာလတွင် တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ရေးကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးစရိတ်ချေးငွေများကို ယခင်အစိုးရလက်ထက် တစ်ဧကေ ငွေကျပ်နှစ်သောင်းမှ ယခုအခါ တစ်ဧကေငွေကျပ်ငါးသောင်းအထိ တိုးတက်ထုတ်ပေးခဲ့၍ တောင်သူများ အရင်းအနှီးများ တိုးတက်လာစေခဲ့သည့်အပြင် သမဝါယမဝန်ကြီးဌာနမှလည်း တောင်သူလယ်သမားများ၏ စိုက်ပျိုးစရိတ် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ကျေးလက်ငွေစုငွေချေးအသင်းများ ထူထောင်၍ ငွေချေးပေးနေကြောင်း၊ တောင်သူလယ်သမားများကိုယ်တိုင် တစ်ဦးချင်း မိမိကိုယ်တိုင်တိုးတက်ကြီးပွားလိုသော စိတ်ဆန္ဒဖြင့် လယ်ယာမြေများကို အသုံးချစိုက်ပျိုးဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ စိုက်ပျိုးဆောင်ရွက်နေသော လယ်ယာမြေများတွင် စပါးသီးနှံအပြင် ဝင်ငွေတွက်ခြေကိုက်မည့် ပဲသီးနှံ၊ ဆီထွက်သီးနှံ၊ ဝါဂွမ်းသီးနှံ စသည်ဖြင့် သီးထပ်သီးညှပ် စိုက်ပျိုးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မျိုးကောင်းမျိုးသန့် မျိုးစေ့များ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်ကို ယုံကြည်လက်ခံစွာ စိုက်ပျိုးကြပြီး သိပ္ပံနည်းကျစိုက်နည်းစနစ်များဖြင့် ဝင်ငွေတိုးတက်အောင် စိုက်ပျိုးထုတ်လုပ်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စေတနာကို ကောင်းစွာနားလည်သဘောပေါက်ခံယူပြီး တောင်သူလယ်သမားများအနေဖြင့် မိမိတို့တစ်ဦးချင်းတိုးတက်ကြီးပွားအောင် ကြိုးပမ်းအားထုတ်လုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်အတွက် ရိုးသားဖြူစင်သော တောင်သူလယ်သမားများအား စည်းရုံးလှုံ့ဆော်နေခြင်း၊ သွေးခွဲမြောက်ပင့်၍ ဆူပူအောင်လှုံ့ဆော်နေခြင်းများကို နားမယောင်ကြရန်နှင့် နိုင်ငံတော်အစိုးရ၏ တောင်သူလယ်သမားများအပေါ်ထားရှိသော စေတနာမှန်ကို အချင်းချင်းလက်ဆင့်ကမ်း၍ ထပ်မံသိရှိအောင် ဆောင်ရွက်ပေးကြရန် ဆွေးနွေးမှာကြားပြီး တောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် စိုက်ကွင်းအတွင်းရှိ အောင်မြင်ဖြစ်ထွန်းနေသည့် အစေ့ထုတ်ပြောင်းသီးနှံ၊ နေကြာသီးနှံ၊ ပဲတီစိမ်းသီးနှံ၊ မြေပဲသီးနှံစိုက်ခင်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများသည် နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် စည်ပင်ကျေးရွာအနီးရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ စည်ပင်သုတေသန စိုက်ပျိုးရေးခြံသို့ ရောက်ရှိကြပြီး တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားရှိသော သက်တမ်း ၆၅ ရက်သားရှိ ပန်းပွင့်များစုံညီနေသည့် နေကြာမျိုးစေ့ထုတ်စိုက်ခင်း ၁၀ ဧကကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စိုက်ခင်းအတွင်း၌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းတို့က နေကြာသီးနှံကို အဖိုလိုင်းနှင့် အမလိုင်း ဝတ်မှုန်ကူး မျိုးစပ်သည့်နည်းပညာဖြင့် စပ်မျိုးနေကြာ မျိုးစေ့ထုတ်လုပ်ငန်း အောင်မြင်နေမှုများကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်သမ္မတက နိုင်ငံတော်၏ စားသုံးဆီဖူလုံရေးအတွက် နေကြာသီးနှံကို ကျယ်ပြန့်စွာ တိုးချဲ့စိုက်ပျိုးရန် လမ်းညွှန်မှာကြားသည်။

ယင်းနောက် စိုက်ကွင်းအနီး ယာယီ ရှင်းလင်းဆောင်၌ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ပညာရှင်များက စပ်မျိုးနေကြာ၏ ဝိသေသအင်္ဂါရပ်များနှင့် နေကြာမျိုးစေ့ထုတ်စိုက်ခင်းတစ်ခင်းမှ မျိုးကောင်းမျိုးသန့် မျိုးစေ့ ၂၅ တင်း ထွက်ရှိနိုင်ကြောင်း၊ တစ်ဧကမှ ထွက်ရှိသည့် မျိုးစေ့များသည် ၁၂၅ ဧက ဖြန့်ခဲ့စိုက်ပျိုးဆောင်ရွက်နိုင်ကြောင်း၊ တစ်ဧကလျှင် ဆီထွက်နေကြာသီးနှံ တင်း ၅၀ အထက် ထွက်ရှိနိုင်ပြီး နေကြာသီးနှံ တင်း ၅၀ မှ စားဆီသန့် ပိဿာချိန် ၂၂၀ ထွက်ရှိနိုင်သည့်အတွက် အိမ်ထောင်စု တစ်စု၏ လိုအပ်ချက်လေးပိဿာနှုန်းဖြင့် တွက်ချက်ပါက အိမ်ထောင်စု ၅၀ မှ ၆၀ အတွက် နေကြာသီးနှံတစ်ဧက စိုက်ပျိုးခြင်းဖြင့် စားသုံးဆီဖူလုံမှုရရှိမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်သမ္မတက ကျန်းမာရေးနှင့် စားသုံးရန် အထူးကိုက်ညီသည့် နေကြာဆီထုတ်လုပ်ရေးအတွက် နေကြာသီးနှံကို နိုင်ငံနှင့်အဝန်း တိုးချဲ့စိုက်ပျိုး အကောင်အထည်ဖော်ခြင်း အားဖြင့် နိုင်ငံတော်၏ စားသုံးဆီလိုအပ်ချက် စိုက်ပျိုးဆောင်ရွက်သွားရန်၊ နှစ်စဉ် ပြည်ပမှ ဝယ်ယူတင်သွင်းနေရသည့် စားအုန်းဆီအတွက် နိုင်ငံခြားငွေ ဒေါ်လာသန်းပေါင်းများစွာ သုံးစွဲရမှုကို နေကြာဆီဖြင့် နိုင်ငံအဝန်း စိုက်ပျိုးအစားထိုးသွားရန်၊ နေကြာဆီသည် ကျန်းမာရေးအတွက် ကောင်းမွန်ရုံသာမက ဘေးထွက်ပစ္စည်းဖြစ်သည့် နေကြာဆီမှ ကြိတ်ဖတ်များကို တိရစ္ဆာန်အစားအစာအဖြစ် အသုံးပြုနိုင်၍ နိုင်ငံတော်၏ မွေးမြူရေးကဏ္ဍကို အထောက်အပံ့များစွာ ဖြစ်စေကြောင်း၊ နေကြာစိုက်ခင်းများတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ပျားမွေးမြူခြင်းလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နေကြာသီးနှံထုတ်လုပ်မှု မြင့်မားစေရေးကို သုတေသနပြုအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် အသေးစိတ်ဆွေးနွေးမှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် တပ်ကုန်းသုတေသနခြံနှင့် စည်ပင်သုတေသန စိုက်ပျိုးရေးခြံတွင် တာဝန်ထမ်းဆောင်လျက်ရှိသော စိုက်ပျိုးရေးပညာရှင် အမျိုးသား အမျိုးသမီး ၁၅ဦးအတွက် ဝတ်စုံများဂုဏ်ပြု ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရမည်းသင်းမြို့နယ် စည်ပင်သုတေသန စိုက်ပျိုးရေးခြံ၌ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားရှိသော သက်တမ်း ၆၅ ရက်သားရှိ နေကြာမျိုးစေ့ထုတ်စိုက်ခင်း ၁၀ ဧကကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတေ... သုတေသနခြံ ပ... ထုတ်ပြောင်းသီ... သီးနှံမျိုးစေ့များ...

▲ *ကျော့ဖုံးမှ*

အဆိုပါ ... ဖြစ်ပွားခဲ့ခြင်းကြော... ဖြစ်သည်။ ယင်း... စိမ်းတင်ပို့မှုရပ်ဆိုင်... အရေးပေါ်ကယ်ဆ... အသက်ဘေးမှလွ... သည်ကို ရုပ်မြင်သံ...

အဆိုးရွားခ... အပါအဝင် အနည်း... ဖြစ်ပွားမှုကို ကြုံတွေ့... အချို့က ပြောကြား... နိုင်ငံရှော့စီယက်ခ်၌... မြင့်တက်လာဖွယ်ရှိ...

အဆိုပါ ... မျောပါသွားကြောင်... ပျက်စီးသွားပြီဖြစ်... လူပေါင်း ၁၃၀၀၀ ... အုပ်ချုပ်ရေးအဖွဲ့၏...

ယင်းရေကြီ... မွတ်ကော့ဗ်သွား... သေဆုံးသူများနှင့်... ဆောင်ရွက်လျက်ရှိ...

ထူးချွန်ကျောင်းသားများအား ကျောက်ဆည်ဆေးရုံ၌ ဆုချီးမြှင့်

ကျောက်ဆည် ဇူလိုင် ၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အထွေထွေရောဂါကုဆေးရုံကြီးတွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးများဖြင့် အောင်မြင်သော ကျောင်းသား ကျောင်းသူများအား ဆေးရုံအုပ်ကြီး ဒေါက်တာယဉ်သန္တာလွင်က ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ပြီး အထူးကုဆရာဝန်ကြီးများက ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၄၀၈)

မော်ဘီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးနှင့်ဝန်ထမ်းများ မိုးပွင့်အဆင့်(၃)စီမံချက်အရ ဇူလိုင် ၆ ရက်က တပ်ကြီးကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးစဉ်။ (မြို့နယ်လဝက)

ငါးရစ်ငါးသန် ဘေးမဲ့ချန်
ပုံမှန်စားသုံး မျိုးမသုဉ်း

ကွန်ပျူတာတက္ကသိုလ်၌ သစ်ပင်စိုက်ပျိုး

ရွှေပြည်သာ ဇူလိုင် ၇

ရွှေပြည်သာမြို့နယ် ကွန်ပျူတာတက္ကသိုလ်ကျောင်းဝင်းအတွင်း၌ ရန်ကုန်(မြောက်ပိုင်း)ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ခရိုင်သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇူလိုင် ၄ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်း၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းခိုင်၊ ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာနီလာသိန်းတို့က မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ကျွန်း၊ မဟော်ဂနီ၊ ကံ့ကော်၊ ခရေ၊ ပုန်းညက်၊ ပျဉ်းမ၊ ယူကလစ်၊ ငုရွှေဝါနှင့် စိန်ပန်း ပျိုးပင် ၅၀၀ ကို ဖြန့်ဝေပေးပြီးနောက် သတ်မှတ်နေရာများတွင် အသီးသီးနေရာယူကာ သစ်ပင်များကို အမှတ်တရ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၁၆၆)

❒ *ကျော့ဖုံးမှ*

စနာရီတွင် အဆိုပါ တံတား၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ အသင်းအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းသား ရိုးရာအကအဖွဲ့များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ အင်အား ၂၅၀၀ ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က တံတားတည်ဆောက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ဤတံတားကြီးကို (၂၈-၅-၂၀၁၁)ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ယနေ့တွင် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဤတံတားကြီး မတည်ဆောက်မီက မူလသစ်သားတံတားသည် ယာဉ်ငယ်များသာ ဖြတ်သန်းသွားလာနိုင်ပြီး ကုန်တင်ယာဉ်များကို ကုန်တန်ချိန်လျှော့ချပြီးမှ ဖြတ်သန်းသွားလာခဲ့ရသော်လည်း ယခုဆိုလျှင် ဤတံတားကြီးကို အသုံးပြုပြီး သတ်မှတ်တံတား ခံနိုင်ဝန်၊ ယာဉ်အမျိုးအစားအလိုက် တင်ဆောင်ခွင့်ပြုသည့် သတ်မှတ်ချက်များနှင့်အညီ လွယ်ကူလျင်မြန်စွာ ပို့ဆောင်ပေးနိုင်တော့မည်ဖြစ်ကြောင်း။

ယနေ့ ဤတံတားကြီးတည်ဆောက်ခဲ့သည့်အတွက် ယခင်က နေပြည်တော်မှ တောင်ကြီးသို့ မိတ္ထီလာမှတစ်ဆင့် သွားမည်ဆိုလျှင် ခရီးမိုင် ၂၀၉ မိုင်ရှိပြီး ယခုတံတားကို အသုံးပြု၍ နေပြည်တော်မှ တောင်ကြီးသို့ ၁၄၇ မိုင် ၇ ဖာလုံသာသွားရမည်ဖြစ်သဖြင့် ခရီးမိုင် ၆၁ မိုင် ၁ ဖာလုံ သက်သာသွားကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဦးခွန်သိန်းမောင်တို့က ကျေးဇူးတင်စကားများ ပြောကြားကြသည်။

ယင်းနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးကော်မတီဥက္ကဋ္ဌ ဦးခွန်စံလွင်က ကျေးဇူးတင်စကားပြောကြားရာတွင် ယခုတံတားသည် (၄)ကြိမ်မြောက် တည်ဆောက်သော တံတားဖြစ်ကြောင်း၊ ပထမတံတားမှာ မော့်ဘီဈေးကုန်းအနီးတွင် ဒေသခံလူအားဖြင့် ဆောင်ရွက်ခဲ့သော သစ်သားတံတားဖြစ်ကြောင်း၊ ဒုတိယတံတားမှာ လက်ရှိနေရာ၌ တည်ဆောက်ခဲ့ပြီး အမိုးပါသစ်သားတံတားဖြစ်၍ ဝန်တင်နွား၊ မြင်းများနှင့် လူကူးနိုင်သော အဆင့်သာရှိခဲ့ကြောင်း၊ တတိယတံတားမှာ လက်ရှိနေရာ၌ပင် သစ်သားတံတားဖြစ်ပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးတံတားအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သော သံကူကွန်ကရစ် အမြဲတမ်းတံတားကြီးအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တည်ဆောက်ပေးခဲ့သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ရာသီမရွေး အသုံးပြုသွားလာနိုင်ပြီး ဒေသထွက်ကုန်များ ပိုမိုလျင်မြန်စွာ တင်ပို့နိုင်မည်ဖြစ်သောကြောင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းနှင့် တံတားကြီးအား ရေရှည်တည်တံ့စေရန်အတွက် ဝိုင်းဝန်းထိန်းသိမ်းသွားကြမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်း၊ ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးခွန်သိန်းမောင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးကော်မတီဥက္ကဋ္ဌ ဦးခွန်စံလွင်၊ အင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းတို့က တံ့ပုံးတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က တံ့ပုံးတံတားကမ္ပည်း မော်ကွန်းကျောက်စ... နိုင်၍ ဖွင့်လှစ်ပေးပြီး... ပြည်နယ်ဝန်ကြီးချုပ်... များသည် တံတား... ကြည့်ရှုခဲ့ကြသည်။

တံ့ပုံးတံတား ... ပေးခဲ့သည့်အတွက်... တောင်ကြီးသို့သွား... လမ်းကြောင်းနှစ်... ကြောင်း(၁)နေပြည်... ပျော်ဘွယ်- ဘုရာ... အောင်ပန်း-တောင်... ၃ ဖာလုံ၊ လမ်းကြော... ကင်းသာ-ကိုးကွေ့-... တံ့ပုံး-တောင်ကြီး... အသီးသီးရှိကြရာ... သွားပါက ၁၅ မိုင်...

တောင်ကြီး- အေးသာယာ- ညောင်ရွှေ- တံ့ပုံ...
လမ်းပေါ်၌ တည်ရှိသည့် တံ့ပုံးတံတားကို တွေ့ရစဉ်...

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးသုတေသနခြံ ယာယီရှင်းလင်းဆောင်၌ ခင်းကျင်းပြသထားသော အစေ့ထုတ်ပြောင်းသီးနှံ၊ နေကြာသီးနှံ၊ ပဲတီစိမ်းသီးနှံ၊ မြေပဲသီးနှံ၊ ပဲပုပ်သီးနှံမျိုးစေ့များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

▲ *ကျောဖုံးမှ*

အဆိုပါ ရေကြီးမှုသည် သတိပေးကြေညာချက်များမရှိဘဲ ရုတ်တရက်ဖြစ်ပွားခဲ့ခြင်းကြောင့် ဒေသခံပြည်သူများ အငိုက်မိပြီး ရေကြီးမှုဒဏ်ကို ကြုံခဲ့ရခြင်းဖြစ်သည်။ ယင်းရေကြီးမှုကြောင့် ပင်လယ်နက်ဆိပ်ကမ်း နိုဗိုရော့စီယက်ခ်မှ ရေနံစိမ်းတင်ပို့မှုရပ်ဆိုင်းထားရသည်။ မော်စကိုမြို့မှလေယာဉ်နှင့် ရဟတ်ယာဉ်တို့ဖြင့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်လျက်ရှိသည်။ ဒေသခံပြည်သူများသည် အသက်ဘေးမှလွတ်ရာလွတ်ကြောင်း နေအိမ်ခေါင်မိုးပေါ်သို့ တက်ရောက်နေကြသည်ကို ရုပ်မြင်သံကြားသတင်းဓာတ်ပုံများတွင် ဖော်ပြထားသည်။

အဆိုးရွားဆုံးဒေသမှာ ခရင့်ခ်မြို့ဝန်းကျင်၌ဖြစ်ပြီး ၁၀ နှစ်သားလေးတစ်ဦးအပါအဝင် အနည်းဆုံး ၈၈ ဦးသေဆုံးခဲ့ရသည်။ ၎င်းမြို့သည် ဆူနာမီကဲ့သို့ ရေကြီးမှုဖြစ်ပွားမှုကို ကြုံတွေ့ခဲ့ရကြောင်း၊ ရုရှားနိုင်ငံရှိ လူမှုရေးမီဒီယာကွန်ရက်အသုံးပြုသူအချို့က ပြောကြားသည်။ ယင်းရေကြီးမှုကြောင့် ဂျီလန်းဟစ်၌ အနည်းဆုံး ကိုးဦးနှင့် နိုဗိုရော့စီယက်ခ်၌ နှစ်ဦးသေဆုံးသွားခဲ့သည်။ သေဆုံးမှုအရေအတွက်သည် ထပ်မံမြင့်တက်လာဖွယ်ရှိသည်။

အဆိုပါ ရေကြီးမှုကြောင့် ပြည်သူတို့၏နေအိမ်ရာပေါင်းများစွာ ရေထဲတွင်မျောပါသွားကြောင်း၊ ခရက်စ်နိုဒါ နိုဗိုရော့စီယက်ခ်လမ်းမ ပို့ဆောင်ရေးစနစ်သည် ပျက်စီးသွားပြီဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။ ယင်းရေကြီးမှုကြောင့် လူပေါင်း ၁၃၀၀၀ ခန့်ဘေးအန္တရာယ်ကြုံတွေ့ခဲ့ရကြောင်း ခရက်စ်နိုဒါဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၏ ကြေညာချက်၌ဖော်ပြထားသည်။

ယင်းရေကြီးရာဒေသသို့ အရေးပေါ်ကယ်ဆယ်ရေးဝန်ကြီး ဗလာဒီမီယာ မွတ်ကော့ဗ်သွားရောက်လျက်ရှိပြီး ကယ်ဆယ်ရေးအဖွဲ့ဝင် ၁၀၀၀ ကျော်နှင့်အတူ သေဆုံးသူများနှင့် အသက်ရှင်ကျန်ရစ်သူများအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တိုးတက်လာမည်ဖြစ်ကြောင်းနှင့် တံတားကြီးအား ရေရှည်တည်တံ့စေရန်အတွက် ဝိုင်းဝန်းထိန်းသိမ်းသွားကြမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်း၊ ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးခွန်သိန်းမောင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးကော်မတီဥက္ကဋ္ဌ ဦးခွန်စံလွင်၊ အင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းတို့က တံ့ဟုံးတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က တံ့ဟုံးတံတားကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုခဲ့ကြသည်။

တံ့ဟုံးတံတား တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့်အတွက် နေပြည်တော်မှ တောင်ကြီးသို့သွားရာတွင် အဓိကလမ်းကြောင်းနှစ်ကြောင်းရှိပြီး လမ်းကြောင်း(၁)နေပြည်တော်-ရမည်းသင်း-ပျော်ဘွယ်- ဘုရားငါးဆူ- ကလော-အောင်ပန်း-တောင်ကြီး ၁၇၈ မိုင် ၃ ဖာလုံ၊ လမ်းကြောင်း(၂) နေပြည်တော်-ကင်းသာ-ကိုးကွေ့-လိန်းလီ-ပင်လောင်း-တံ့ဟုံး-တောင်ကြီး ၁၆၃ မိုင် ၂ ဖာလုံ အသီးသီးရှိကြရာ လမ်းကြောင်း(၂)မှ သွားပါက ၁၅ မိုင် ၁ ဖာလုံ လျော့နည်းသက်သာသွားမည်ဖြစ်သည်။ ထို့ပြင် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့သို့ အချိန်တိုအတွင်း အလွယ်တကူ သွားလာနိုင်တော့မည် ဖြစ်သကဲ့သို့ ကုန်စည်စီးဆင်းမှုလည်း မြန်ဆန်သွက်လက်စွာဖြင့် ဒေသထွက်ကုန်များကို အပြန်အလှန်ကူးလူးသယ်ယူပို့ဆောင်နိုင်မည်ဖြစ်သဖြင့် ၎င်းဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အုပ်ချုပ်ရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်း ယခုဖွင့်လှစ်သည့် တံ့ဟုံးတံတားအပါအဝင် ပေ ၁၈၀ နှင့်အထက် တံတားကြီး ၁၆ စင်းကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ကြီး- အေးသာယာ- ညောင်ရွှေ- တံ့ဟုံး- ပင်လောင်း လမ်းပေါ်၌ တည်ရှိသည့် တံ့ဟုံးတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

မိုဘိုင်းဘဏ်လုပ်ငန်းအကြောင်း သိကောင်းစရာများ

ရွှေနွယ်

နိုင်ငံပိုင်သတင်းစာကြီးနှစ်စောင်၌ Mobile Banking နှင့် Postal Banking ကိစ္စ ကြော်ငြာပါရှိလာပြီးနောက် Mobile Banking ဆိုတာဘာလဲဟု မကြာခဏမေးလာကြသည်။ အမေးအများဆုံးမှာ မီဒီယာသမားများဖြစ်၏။ ဤဆောင်းပါးသည် မီဒီယာသမားများအတွက်သာမက Mobile Banking ကို စိတ်ဝင်စားသူအားလုံးအတွက် ရည်ရွယ်ပြီးရေးသောဆောင်းပါးဖြစ်ပါ၏။

ယခုခေတ်သည် ကမ္ဘာနှင့်အဝန်း လွှမ်းခြုံဆက်နွယ်နေသောခေတ်၊ တစ်နည်းအားဖြင့် Golbalization ခေတ်ဖြစ်၏။ ဤခေတ်၌ ဒုံးပျံလက်နက် ဘယ်လောက်ကြီးသလဲဆိုသည့်ကိစ္စထက် အရှိန် (Speed) ဘယ်လောက်မြန်သနည်းဆိုသည့်အချက်က ပို၍အရေးကြီးလာ၏။ အရှိန်အနှေးအမြန်ဖြင့် အနိုင်အရှုံးကိုဆုံးဖြတ်၏။ အရှိန်ဆိုသည်မှာ ရှေ့သို့တိုး၍၊ ရှေ့သို့ကောင်း၍၊ ဖြစ်ပေါ်တိုးတက်လာသော အရှိန်ကိုဆို၏။

အရှိန်နှင့်ဆက်စပ်၍ အချို့က အရွေ့ကိုသုံးလာ၏။ အရွေ့မြန်သည်။ အရွေ့နှေးသည်။ အရွေ့လေးသည်။ အရွေ့၏ လားရာကောင်း၏။ အရွေ့၏ လားရာဆိုး၏ စသည်ဖြင့် ပုံခိုင်းနှိုင်းလာကြသည်။

အရှိန်နှင့်အရွေ့တို့တွင် စိတ်ဝင်စားစရာအကောင်းဆုံးကား နည်းပညာ၏ ပြောင်းလဲမှုပင်ဖြစ်၏။ နည်းပညာပြောင်းလဲရေးနောက်သို့ လိုက်ပါဆောင်ရွက်ခဲ့ကြသော နိုင်ငံများအောင်မြင်ခဲ့ပြီး နည်းပညာတိုးတက်ပြောင်းလဲမှုကို မျက်ခြည်ပြတ်ခဲ့သော နိုင်ငံများသည် ဂလိုဘယ်ပြေးပွဲ၌ ပန်းဝင်မလှသလို ပြေးလမ်းတစ်လျှောက် အလဲလဲအကွဲကွဲဖြစ်ခဲ့ကြသည့် ဖြစ်ရပ်များကို သမိုင်းစဉ်တစ်လျှောက် တွေ့ခဲ့ကြဖူးပြီဖြစ်၏။

နည်းပညာအပြောင်းအလဲ၌ မိုဘိုင်း (Mobile) နည်းပညာလည်းပါ၏။ မိုဘိုင်းနည်းပညာနှင့် ဘဏ်လုပ်ငန်းဆက်စပ်၍ မိုဘိုင်းဘဏ်လုပ်ငန်း (Mobile Banking) ဟုပေါ်ပေါက်လာ၏။

Mobile Banking ဆိုသည်မှာ မိုဘိုင်းဖုန်းမှတစ်ဆင့် မိမိ၏ဘဏ်စာရင်းကိစ္စများ ဆောင်ရွက်နိုင်သောလမ်းကြောင်း (Channel) တစ်ခုသာဖြစ်သည်။ Mobile Banking လမ်းကြောင်းတွင် ဝင်ရောက်ပြီးပါက ဘဏ်လုပ်ငန်းကို တစ်ရက်လျှင် ၂၄ နာရီ၊ တစ်ပတ်လျှင် ခုနစ်ရက်၊ တစ်နှစ်လျှင် ၃၆၅ ရက် အချိန်မရွေးဆောင်ရွက်ခွင့်ရရှိလာသည်။

မိုဘိုင်းဘဏ်လုပ်ငန်းတွင် အောက်ပါအချက်အလက်များ ပါဝင်လေ့ရှိကြောင်း တွေ့ရှိရသည်-

(က) ဘဏ်စာရင်း စုံစမ်းခြင်း၊
(ခ) ဘဏ်ငွေသွင်း၊ ငွေထုတ်မှတ်တမ်း၊
(ဂ) မိုဘိုင်းဖုန်းအတွက် ငွေထပ်ဖြည့်ခြင်း၊
(ဃ) ချက်စာအုပ်များ မှာယူခြင်း၊
(င) ငွေလက်ကျန် တောင်းယူခြင်း၊
(စ) ဘဏ်စာရင်းရှင်းတမ်း တောင်းယူခြင်း၊
(ဆ) ဝန်ဆောင်ခများ ပေးချေခြင်း။

မိုဘိုင်းဘဏ်လုပ်ငန်းကိစ္စကို မည်သည့် မိုဘိုင်းဖုန်းဖြင့်မဆို ဆောင်ရွက်နိုင်ပါသည်။ Smart ဖုန်းများဖြင့်လည်း ဆောင်ရွက်နိုင်သလို ရိုးရိုးမိုဘိုင်းဖုန်းများဖြင့်လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

မှတ်ပုံတင်ရမည်

မိုဘိုင်းဘဏ်လုပ်ငန်း ဆောင်ရွက်လိုပါက ထိုကိစ္စဝန်ဆောင်မှုပေးသော ဘဏ်တစ်ခုခု၌ မှတ်ပုံတင်ရပါမည်။ လျှောက်လွှာပုံစံပါ အချက်အလက်များ ဖြည့်စွက်ပြီးနောက် ထိုဘဏ်က စစ်ဆေးအတည်ပြုရပါမည်။ ဘဏ်က စစ်ဆေးအတည်ပြုပြီးနောက် မိုဘိုင်းဘဏ်လုပ်ငန်း လမ်းကြောင်း၌ ဝင်ရောက်ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် ဘဏ်ဘက်က စကားဝှက် (Password) အသေးစိတ်ကို ပေးပါလိမ့်မည်။ ထိုစကားဝှက်ကို အသုံးပြုပြီး မိုဘိုင်းဘဏ်လုပ်ငန်းကို သုံးစွဲနိုင်ခွင့်ရရှိမည်ဖြစ်သည်။

စိတ်ချရရဲ့လား

မိုဘိုင်းဘဏ်လုပ်ငန်းနှင့်ပတ်သက်၍ အများစု စိုးရိမ်ကြသည့်အချက်မှာ ဘဏ်စာရင်းများ လုံခြုံစိတ်ချရမှုဖြစ်၏။ နိုင်ငံတကာ Internet Banking ၌ အသုံးပြုသည့် 128 Bit Secure Sockets Layer (SSL) Protocol Enerytion ကို သုံးထားသဖြင့် စိတ်ချယုံကြည်မှုရှိသည်ဟု ဘဏ်များက အခိုင်အမာဆိုကြသည်။

မိုဘိုင်းဖုန်းအချို့မှာ ပျောက်တတ်သည်။ အချို့မှာ အခိုးခံရတတ်သည်။ ဤအခြေအနေမျိုးတွင် မိုဘိုင်းဖုန်းဖြင့် မိုဘိုင်းဘဏ်လုပ်ငန်း လုပ်ထားသူတစ်ဦးအနေဖြင့် စိုးရိမ်စရာ မကောင်းဘူးလားဟု ပြန်လှန်မေးကြသည်။ စိုးရိမ်စရာမလိုပါဟုပင် ဖြေလိုပါသည်။

မိုဘိုင်းဖုန်းပေါ်၌ မိုဘိုင်းဘဏ်လုပ်ငန်းနှင့်ပတ်သက်သည့် ဘဏ်စာရင်းအမှတ်၊ ကိုယ်ရေးကိုယ်တာ အသေးစိတ်အချက်အလက်များကို သိမ်းဆည်းသိုမှီးထားခြင်းမရှိသဖြင့် စိုးရိမ်ရန်အကြောင်းမရှိပါ။ သို့သော် ဖုန်းပျောက်ဆုံးလျှင်၊ အခိုးခံရလျှင် စိတ်ထဲမှာလည်း ဘဏ်ကိစ္စပူပင်ကြောင့်ကြနေလျှင် သက်ဆိုင်ရာဘဏ်သို့ မိမိ၏မိုဘိုင်းဘဏ်လုပ်ငန်းလမ်းကြောင်းကို ပိတ်ထားပေးရန် အကြောင်းကြားခြင်းဖြင့် စိတ်အေးအေးနေနိုင်ပါသည်။

အာဖရိကနှင့် မိုဘိုင်းဘဏ်လုပ်ငန်း

ရဝမ်ဒါနိုင်ငံသည် အာဖရိကတိုက်မှ နိုင်ငံတစ်ခုဖြစ်သည်။ ထိုနိုင်ငံ၌ မိုဘိုင်းဘဏ်လုပ်ငန်းအောင်မြင်ပုံကို မြန်မာနိုင်ငံသို့ လာရောက်ခဲ့သော စီးပွားရေးပညာရှင်တစ်ဦးဖြစ်သူ ပါမောက္ခ Collier က နေပြည်တော်ရှိ ဝန်ကြီးဌာနတစ်ခု၌ ပြောကြားစဉ် နားထောင်ခဲ့ရသည်။ ပါမောက္ခ Collier ၏ ပြောကြားချက်အရ "ရဝမ်ဒါနိုင်ငံ၌ မိုဘိုင်းဖုန်းနှင့် ဘဏ်လုပ်ငန်းတွဲလုပ်ခဲ့ပြီး ငွေပေးချေစရာကိစ္စများကို မိုဘိုင်းဖုန်းကတစ်ဆင့် ပေးချေခဲ့သည်။ ဤကိစ္စဆောင်ရွက်ရေး လွယ်ကူအဆင်ပြေစေရန် ငွေကြေးအဖွဲ့အစည်းများအနေဖြင့် ဥပဒေပိုင်း၊ နည်းဥပဒေပိုင်းကို ကြိုတင်စီမံထားရှိခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း နိုင်ငံခြား၌ သွားရောက်အလုပ်လုပ်ကိုင်နေသူ များစွာရှိသည်။ ထိုသူများ ပြည်တွင်းသို့ ငွေပြန်ပို့သည့်ကိစ္စအတွက် မိုဘိုင်းဘဏ်လုပ်ငန်းကို သုံးနိုင်သည်။ ဤကဲ့သို့ဆောင်ရွက်ခြင်းသည် လူမှုလုံခြုံရေးအကာအကွယ် (Social Safety Net) ကိုလည်း ရစေသည်။ ထို့ပြင် မိုဘိုင်းဘဏ်လုပ်ငန်းစနစ်ကိုတွင်ကျယ်စွာ သုံးခဲ့သည့်အတွက် ကြားလူ၊ ကြားပွဲစားများလည်း ပပျောက်ကုန်သည်" ဟု သိရသည်။

ပါမောက္ခ Collier ၏ ပြောကြားချက်အရ ရဝမ်ဒါနိုင်ငံ၏ မိုဘိုင်းဘဏ်လုပ်ငန်းအကြောင်းကို ဆက်၍လေ့လာမိသည်။ လွန်ခဲ့သော နှစ်နှစ်ခန့်က ရဝမ်ဒါနိုင်ငံတွင် မိုဘိုင်းဘဏ်လုပ်ငန်းသည် ဘဏ်ရှိငွေစာရင်းလက်ကျန်ကို စစ်ဆေးခြင်းနှင့် ဘဏ်၏ငွေစာရင်းရှင်းတမ်းရယူခြင်းကိစ္စများကိုသာ ဦးစားပေးဆောင်ရွက်ခဲ့ရ၏။

သို့သော် ယခုနှစ် မေလတွင် မိုဘိုင်းဘဏ်လုပ်ငန်း၌ ဆောင်ရွက်သောဘဏ်များစွာရှိလာသည်။ လုပ်ငန်းပြိုင်ဆိုင်မှု များလာသည်နှင့်အမျှ မိုဘိုင်းဖုန်းမှတစ်ဆင့် ဝန်ဆောင်မှုပေးပုံပေးနည်းလည်း ပိုကောင်းအောင် လုပ်လာကြသည်။ ထို့ကြောင့် မီတာခပေးချေခြင်း၊ ဖုန်းအတွင်းသို့ ခေါ်ဆိုလိုသည့် ဖုန်းခေါ်ငွေ ထပ်မံဖြည့်စွက်ခြင်း၊ ချက်စာအုပ်များ မှာယူခြင်း၊ ငွေလွှဲပြောင်းပေးပို့ခြင်း စသည်တို့ကို မိုဘိုင်းဖုန်းဖြင့် ဆောင်ရွက်လာနိုင်ကြသည်။

ရဝမ်ဒါနိုင်ငံရှိ ဘဏ်လုပ်ငန်းရှင်ကြီးတစ်ဦးက ၎င်းတို့နှင့် ချိတ်ဆက်ထားသော ကုန်သည်များ စတိုးဆိုင်များမှ ပစ္စည်းဝယ်လျှင် လက်ငင်းငွေပေးချေစရာမလိုဘဲ မိုဘိုင်းဖုန်းမှတစ်ဆင့် ငွေပေးချေ၍ရအောင် စီစဉ်ထားသည်ဟုဆို၏။ ထို့ပြင် မိုဘိုင်းပိုက်ဆံအိတ် (Mobile Wallet) ကိုပါ တီထွင်ထားပြီး ထိုမိုဘိုင်းပိုက်ဆံအိတ်ထဲမှ ငွေလွှဲပေးခြင်း၊ ပိုက်ဆံအိတ်ထဲသို့ ငွေထည့်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်မည်ဟု သိရသည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ လေ့လာချက်အရ လူ ၁၀၀ လျှင် ၁၄ ဦးသာ ဘဏ်လုပ်ငန်းနှင့် အဆက်အစပ်ရှိသော ရဝမ်ဒါနိုင်ငံတွင် အသုံးပြုနေသည့် မိုဘိုင်းဘဏ်လုပ်ငန်းသည် ဘဏ္ဍာရေးအရ ပြည်သူလူထုအများစု ပါဝင်ပတ်သက်လှုပ်ရှားလာနိုင်သည့် အစီအစဉ်တစ်ခု၊ အောင်မြင်သည့် ချဉ်းကပ်နည်းတစ်ခု ဖြစ်သည်ဟု သိရသည်။

အားသာချက်

မိုဘိုင်းဖုန်းနှင့် ဘဏ်လုပ်ငန်းပူးတွဲဆောင်ရွက်ခြင်း၏ အဓိကအားသာချက်မှာ နေရာတိုင်းသို့ ဘဏ်လုပ်ငန်းရောက်ရှိနိုင်ခြင်းပင် ဖြစ်၏။ ထို့ပြင် ဘဏ်ရုံးခွဲများလည်း သီးခြားဖွင့်လှစ်စရာမလိုခြင်း၊ ငွေပေးချေမှု စရိတ်စကများ လျော့နည်းသွားခြင်းဆိုသည့် အကျိုးကျေးဇူးလည်းရှိ၏။

အာဖရိကတိုက်နိုင်ငံများတွင် မိုဘိုင်းဘဏ်လုပ်ငန်းကို အောင်မြင်စွာစတင်ဆောင်ရွက်ခဲ့သောနိုင်ငံမှာ ကင်ညာနိုင်ငံဖြစ်သည်။ ကင်ညာနိုင်ငံ၌ Mobile Banking စတင်ဆောင်ရွက်စဉ်က ငွေစာရင်းဖွင့်သူပေါင်း ၅၀၀၀ ခန့် ရှိခဲ့သော်လည်း ယခုအခါ ကင်ညာအိမ်ထောင်စုပေါင်း၏ ၈၅ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိ မိုဘိုင်းဘဏ်လုပ်ငန်းနှင့် ချိတ်ဆက်ဆောင်ရွက်ကာ ငွေကြေးကိစ္စများ ဆောင်ရွက်နေကြပြီ ဖြစ်၏။

ဘဏ်မရှိသောဒေသများ၌ ငွေအပို့အယူကိစ္စအတွက် ဟွန်ဒီကိုသာ အားကိုးနေကြရသည်။ သို့သော် မိုဘိုင်းဖုန်းပေါ်လာသဖြင့် ယုံကြည်စိတ်ချစွာဖြင့် ဘဏ်နှင့် အဆက်အသွယ်လုပ်ကာ ငွေပို့ခြင်း၊ ငွေလက်ခံခြင်း၊ ငွေစုခြင်းတို့ကို ဆောင်ရွက်နိုင်ပြီ ဖြစ်၏။

စကားဝှက်ကို ထိန်းပါ

မိုဘိုင်းဘဏ်လုပ်ငန်းကိစ္စဆောင်ရွက်ရာတွင် သတိပြုရမည့်အချက်မှာ မိမိတို့၏ လျှို့ဝှက်သင်္ကေတနှင့် စကားဝှက်တို့ မပေါက်ကြားစေရေးပင် ဖြစ်၏။

ယခုခေတ်သည် နည်းပညာများ လျင်မြန်စွာ တိုးတက်ပြောင်းလဲနေသောခေတ်ဖြစ်ရာ မဟုတ်တာလုပ်ချင်သည့်သူများကလည်း နည်းပညာနှင့် အမီလိုက်၍ လေ့လာနေကြမည်မှာ မလွဲဧကန်ဖြစ်၏။ ထိုပုဂ္ဂိုလ်များက မိုဘိုင်းဘဏ်လုပ်ငန်းနှင့် ဆက်စပ်နေသူတို့၏ လျှို့ဝှက်သင်္ကေတနှင့် စကားဝှက်တို့ကို နည်းမျိုးစုံဖြင့် ရနိုင်အောင် ကြိုးစားကြမည်ဖြစ်၏။ ထိုသင်္ကေတ၊ စကားဝှက်တို့ကို မိမိဘက်က မပေါက်ကြားအောင် ထိန်းသိမ်းရေးသည် မိုဘိုင်းဘဏ်လုပ်ငန်း အသုံးပြုသူတို့၏ တာဝန်ဖြစ်ကြောင်း နိုင်ငံတကာမိုဘိုင်းဘဏ်လုပ်ငန်းအတွေ့အကြုံများအရ သိရ၏။

နိဂုံး

နိုင်ငံအများစု၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုလမ်းကြောင်းကို ကြည့်လျှင် ပထမဦးစွာ ကုန်ပစ္စည်းချင်း တိုက်ရိုက်ရောင်းဝယ်ဖောက်ကားသည့်စနစ် (Barter System) အပေါ် အခြေပြုခဲ့သည်။ ထို့နောက် ကုန်ပစ္စည်းနှင့် ငွေကြေးအသုံးပြု၍ ရောင်းဝယ်ဖလှယ်သည့်စနစ် ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည်။ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုရှိလာသည်နှင့်အမျှ ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများ ရောင်းဝယ်ဖလှယ်ရေးတွင် ဘဏ်စနစ်က ပိုမိုကြီးထွားနေရာယူလာခဲ့ကြသည်။

ဘဏ်စာရင်း လွယ်လင့်တကူ ဖွင့်လှစ်ရန်အခြေအနေ မရှိသေးလျှင်၊ နိုင်ငံတော်၏ နေရာအနှံ့၌ ဘဏ်ခွဲများကို ဖြန့်ကြက်မဖွင့်လှစ်နိုင်သေးလျှင်၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငွေကြေးနှင့်ဘဏ္ဍာရေးကွန်ရက် လွှမ်းခြုံမိအောင် မဆောင်ရွက်နိုင်သေးလျှင် မိုဘိုင်းဘဏ်လုပ်ငန်းသည် ဘဏ်စနစ် ပိုမိုရှင်သန်အသက်ဝင်ရေးကို အထောက်အကူပြုနိုင်ပါသည်။

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကွန်ရက် ဖြန့်ကြက်နိုင်မှုအခြေအနေမှာ နိုင်ငံစုစုပေါင်းဧရိယာ၏ ၈၀ ရာခိုင်နှုန်းကို လွှမ်းခြုံနိုင်နေပြီဖြစ်ကြောင်း လေ့လာသိရှိရသည်။ ထို့ပြင် ဆက်သွယ်ရေးဆိုင်ရာကျောထောက်နောက်ခံ အဆောက်အအုံ(Infrastructure)သည်လည်း မိုဘိုင်းဘဏ်လုပ်ငန်းဆောင်ရွက်ရန်အတွက် အဆင့်သင့် ရှိနေပြီဖြစ်၏။

ဆက်သွယ်ရေးကဏ္ဍနှင့် ဘဏ္ဍာရေးကဏ္ဍတို့၏ ပူးပေါင်းညှိနှိုင်းမှုဖြင့် မိုဘိုင်းဘဏ်လုပ်ငန်းကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဘဏ်စနစ် တိုးတက်ဖွံ့ဖြိုးရေးနှင့် တိုင်းပြည်၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မြန်မာ့ရုပ်မြင်သံကြား

၈-၇-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၃၀ နံနက်ခင်းသတင်း
- ၈:၁၀ ယဉ်ကျေးလိမ္မာ (၃၈) ဖြာမင်္ဂလာ
- ၈:၄၀ International News
- ၈:၄၅ တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

- ၁၂:၂၅ မြန်မာရုပ်ရှင် **ချစ်သက်ဝေ** မောင်တင်မောင်၊ ကြည်ကြည်ဌေး (ဒါရိုက်တာ-အေဝမ်းဦးတင်မောင်)

ညပိုင်း

- ၄:၀၀ စစ်ချီတေး၊ စစ်သည်တေး
- ၄:၄၅ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် ပထဝီဝင်အထူးပြု(ပထဝီဝင်)
- ၆:၀၀ ညနေခင်းသတင်း
- ၈:၀၀ ပြည်တွင်းသတင်း
  - နိုင်ငံတကာသတင်းများ
  - မိုးလေဝသအခြေအနေ
  - ကာတွန်းအစီအစဉ်

ဒိုင်နိုဆောကမ္ဘာ
(အသားစားဒိုင်နိုဆော **နိုလုံ**ရဲ့ အမဲလိုက်နည်းပရိယာယ်)

ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း တောင်ကြီး၌အသိပညာပေး

တောင်ကြီး ဇူလိုင် ၇

ရှမ်းပြည်နယ် ယာဉ်စည်းကမ်းကြီးကြပ်မှုကော်မတီသည် တောင်ကြီးမြို့ရှိ အခြေခံပညာကျောင်း ရှစ်ကျောင်းတွင် ဇွန် ၂၂ရက်မှ ၂၈ရက်အထိ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများကျင်းပခဲ့သည်။ ဟောပြောပွဲတွင် ပြည်နယ်ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲမှူးမောင်မောင်ဝင်းက မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရမည့်အချက်ကိုလည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန စစ်ဆေးရေးမှူး(၂) ဦးဇော်ကိုကိုဖေက ယာဉ်မောင်းလိုင်စင်ရရှိပုံအဆင့်ဆင့်နှင့် လမ်းအသုံးပြုသူများ လိုက်နာရမည့်အချက်များကိုလည်းကောင်း **(အပေါ်ပုံ)**၊ ဒုတိယရဲအုပ်မြတ်ထွန်းက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားပုံ အကြောင်းကိုလည်းကောင်း ပရိုဂျက်တာလက်တော့ပ်ဖြင့် ရှင်းလင်းဟောပြောကြသည်။

ထို့နောက် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လက်ကမ်းစာစောင်များ ဝေငှခဲ့ကြသည်။ အဆိုပါအဖွဲ့သည် အခြေခံပညာဦးစီးဌာနလက်အောက်ရှိ ကျောင်းများ၌ ဆက်လက်ဟောပြောသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(ကုန်းလမ်းပို့ဆောင်ရေး)

ကြိမ်၊ ဝါးလုပ်ငန်း ပုသိမ်၌အလုပ်ရုံဆွေးနွေး

ပုသိမ် ဇူလိုင် ၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ရေကြည်ခန်းမ၌ ဇွန် ၃၀ ရက် နံနက် ၁၀ နာရီက ကြိမ်၊ ဝါးအိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်ကျော်ဦးက အမှာစကားပြောကြားပြီး ရေကြည်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင်က ကြိမ်၊ ဝါးအိမ်တွင်း စက်မှုလက်မှုလုပ်ငန်းဆိုင်ရာများကို အကျယ်တဝင့်ရှင်းလင်း ဆွေးနွေးသည်။ ဆက်လက်ပြီး ကြိမ်လုပ်ငန်းရှင်များက စာတမ်းဖတ်ကြားခြင်း၊ကုန်ကြမ်းထုတ်လုပ်မှု ဝယ်ယူမှုဆွေးနွေးခြင်း၊ အမှာစာ လက်ခံမှုအပိုင်းနှင့် ထုတ်လုပ်မှု အပိုင်း ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(မင်းဇော်ဦး-ရေကြည်)

ကျန်းမာရေးသုတ

ရဲယိုအစွမ်း အံ့မခန်း ဆေးစွမ်းထက်လှသည်

ဒေါက်တာအောင်သန်းဝင်း

မြန်မာတို့သည် ရှေးအစဉ်အဆက်ကတည်းက တိုင်းရင်းဆေးကို အသုံးပြုလာခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ ဆေးဖက်ဝင်အပင်များမှ ရဲယိုပင်၏အစွမ်းထက်မြက်ပုံကို စာရေးသူကိုယ်တွေ့ တင်ပြလိုပါသည်။

ရဲယိုကို မြန်မာ အင်္ဂလိပ်စာအဘိဓာန်၌ species of morinda. Morinda angustifolia: ဟု ဖော်ပြထားသည်။ မျိုးစိတ်မှာ citrifolia ဖြစ်ပြီး မျိုးရင်းမှာ rubiaceae ပုဂ္ဂရိုက်မျိုး ဖြစ်သည်။ ရဲယိုပင်သည် ပင်လတ်မျိုးဖြစ်၍ အရောင်ပြောင်လက်ပြီး အကိုင်းအခက်ဖြာသည်။ ပင်စည်ပေါ်တွင် အညိုရောင်အစက်များရှိပြီး အခေါက်ထူ၍ကြမ်းသည်။ အကိုင်းလေးထောင့်ပုံရှိပြီး နှစ်ထောင့်တွင် အမြောင်းပါရှိသည်။ ရဲယိုသည် အပူပိုင်းရာသီဥတုကိုကြိုက်နှစ်သက်သည်။ မျိုးစေ့မှ ပျိုးလျှင် အပင်ဖြစ်ကြာရှည်တတ်၍ ကိုင်းဖြတ်၍အမြစ်ဖောက်စိုက်ပါက အပင်ဖြစ်မြန်သည်။ ပျိုးပေါင်နှင့်စိုက်လျှင် တစ်လခွဲခန့်ကြာမှ အရွက်နုထွက်သည်။ ပျိုးကိုင်းသုံးလမှ ခြောက်လအတွင်း စိုက်ခင်းသို့ပြောင်းရွှေ့မြေချစိုက်ပျိုးနိုင်သည်။ ရဲယိုပင် မြေချစိုက်ပြီး တစ်နှစ်ခန့်ကြာမှသာအာနိသင်ပြည့်ဝသော အပွင့်၊ အသီးများရရှိသည်။ ရဲယိုပင်၏ သက်တမ်းသည် နှစ်ပေါင်း (၄၀)ကျော်ထိရှိသည်။

စာရေးသူတို့ ကျေးလက်နေပြည်သူများသည် တိုင်းရင်းဆေးနှင့် အကျွမ်းတဝင် ရှိနေကြသူများဖြစ်ကြသည်။ ငယ်စဉ်ကပင် လျှာပွတ်တို့ သွေးဆေးတို့ကို မှီဝဲခဲ့ကြရသည်။ တိုင်းရင်းဆေးနှင့်ပင် အသက်ရှင်ခဲ့ကြသူများဖြစ်သည်။ မြို့နှင့်အလှမ်းဝေးသော ကျေးလက်ပြည်သူများသည် နွယ်၊ မြက်၊ သစ်ပင်၊ သစ်ဥ၊ သစ်ဖုတို့ကိုသာ ကျန်းမာရေးအတွက် အားထားနေကြရသည်။ ဆေးဖက်ဝင် တိုင်းရင်းဆေးပင်များထဲမှ စာရေးသူကိုယ်တွေ့ ရဲယို၏အံ့မခန်းအစွမ်းများကို တင်ပြသွားမည်ဖြစ်သည်။ စာရေးသူသည် ၂၀၁၁ခုနှစ် ဇွန်လ၏နေ့တစ်နေ့တွင် မိုးမိ၍ ဖျားပါသည်။ ဆေးများသောက်၍ အဖျားပျောက်သွားသော်လည်း ချောင်းဆိုးကျန်နေပါသည်။ အမြန်ပျောက်ရန် ပိုးသတ်ဆေးများနှင့် တွဲဖက်သောက်သော်လည်း မပျောက်ပါ။ ပိုးသတ်ဆေးများသောက်၍ လူမှာ နွမ်းလျလာပါတော့သည်။ စာရေးသူ အဆုတ်အားနည်းတာလည်း ပါကောင်းပါမည်။ တစ်နေ့တွင် စာရေးသူ ချောင်းအတော်ဆိုးလာပါသည်။ ဆရာဝန်ပေးထားသောဆေးလည်း ကုန်သွားပါသည်။ ထို့ကြောင့် ဆေးခန်းသွားရန် ပြင်ဆင်နေချိန်မှာပင် မိုးက သဲကြီးမဲကြီးရွာချပါတော့သည်။

စာရေးသူလည်း မိုးနှင့်အပြိုင် ချောင်းကို သဲကြီးမဲကြီးဆိုးပါတော့သည်။ မိုးသည်းနေ၍ ဆေးခန်းသို့လည်းမသွားနိုင်တော့ပါ။ စာရေးသူလည်း ကြံရာမရဖြစ်နေစဉ် ယခင်ကစာရေးသူဖတ်ဖူးသော တိုင်းရင်းဆေးနည်းတစ်ခုကို သွားသတိရမိပါသည်။ ထို့ကြောင့် အိမ်ရှေ့တွင်ရှိသော ရဲယိုရွက်များကိုခူးကာ ပြုတ်ပါသည်။ ပွက်သည်နှင့်အအေးခံမနေတော့ဘဲမှုတ်၍သောက်ပါသည်။ သောက်ပြီး၁၀မိနစ်အကြာမှာ ချောင်းဆိုးကျဲသွားသည်ကို သတိထားမိပါသည်။ သို့နှင့် အားတက်လာကာ ရဲယိုရွက်ပြုတ်ရည်များကို အားပါးတရသောက်ပါသည်။ မိုးစဲသွားသော်လည်း ဆေးခန်းသို့ မသွားဖြစ်တော့ပါ။ ထိုနေ့အဖို့ ရဲယိုရွက်ပြုတ်ရည်၏ကျေးဇူးကြောင့် အနည်းငယ်သက်သာသွားပါသည်။

